

# မြန်မာနိုင်ငံ တွင်းထွက်သယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (MEITI)

ဘဏ္ဍာနှစ် ၂၀၁၇-၁၈ နှင့် ၂၀၁၆-၁၇အတွက် တတိယနှင့်

စတုတ္ထမြောက် အစီရင်ခံစာအနှစ်ချုပ်၊ အကြံပြုချက်များနှင့်

နောက်ဆက်တွဲများ

သစ်တောကဏ္ဍ

ဧပြီလ ၂၀၂၀ခုနှစ်



BDO

ဤအစီရင်ခံစာကို သုံးပွင့်ဆိုညွှန့်ပေါင်းအဖွဲ့ (MSG) ၏ တောင်းဆိုချက်အရ မြန်မာနိုင်ငံ တွင်းထွက် သယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးလုပ်ငန်း (EITI) အကောင်အထည်ဖော်ရေးအတွက် ပြင်ဆင်ထားခြင်းဖြစ်ပါသည်။ ဤအစီအရင် ခံစာပါ အမြင်သဘောများသည် သီးခြားလွတ်လပ်သည့် တိုက်ဆိုင်စစ်ဆေးသူများ အာဘော်သာ ဖြစ်ပြီး၊ မြန်မာ EITI အဖွဲ့၏ တရားဝင် သဘောထားများ မဟုတ်ပေ။ ဤအစီအရင်ခံစာကို မြန်မာနိုင်ငံ တွင်းထွက် သယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးလုပ်ငန်း (EITI) အသုံးပြုရန်ရည်ရွယ် ၍ သီးသန့် ပြင်ဆင်ထားခြင်းဖြစ်ပြီး၊ ရည်ရွယ်ထားသည်မှအပ အခြားအဖွဲ့အစည်းမှ မည်သည့် အကြောင်းအတွက်မှ အသုံးပြုခွင့် မရှိပါ။ စာရေးသူများ နှင့် BDO LLP တို့အနေဖြင့် အခြားအဖွဲ့အစည်းနှင့် ပတ်သက်သော မည်သည့်တာဝန်မှ တာဝန်ယူ လက်ခံ ဖြေရှင်းပေးမည်မဟုတ်ပေ။

# မာတိကာ


နိဒါန်း 6

တွင်းထွက်သယံဇာတများ ဖော်ထုတ်ခြင်း ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး 6

မြန်မာနိုင်ငံ၏ EITI 10

ရည်ရွယ်ချက် 11

လုပ်ငန်းသဘာဝနှင့် အတိုင်းအတာ 11

၁။ အနှစ်ချုပ် တင်ပြခြင်း 12

၁.၁) 12

၁.၂) 15

၁.၃) 18

၁.၄) 18

၁.၅) 20

၁.၆) 20

၁.၇) 21

၁.၈) 22

၁။ အစီအရင်ခံစာ အနှစ်ချုပ် 22

၁.၁ သစ်တော ကဏ္ဍမှ ရရှိသည့် ဝင်ငွေ 22

၁.၂ မြန်မာ့ စီးပွားရေးအတွက် အထောက်အပံ့ပေးမှု 25

၁.၃ သစ်ထုတ်လုပ်မှု 25

၁. ၄ သစ်ရောင်းချမှု 26

၁.၅ သစ် တင်ပို့မှု 27

၁. ၆ အချက်အလက်များ ပြည့်စုံမှုနှင့် ယုံကြည်စိတ်ချရမှု 27

၁.၇ တိုက်ဆိုင်စစ်ဆေးခြင်း ရလဒ်များ အကျဉ်းချုပ် 28

၁.၈ တွေ့ရှိချက်များနှင့် အကြံပြုချက်များ 28

၂။အကြံပြုချက်များ 31

၂.၁.အကြံပြုချက်များ အသစ်များ 31

၂.၁.၁ သစ်တောကဏ္ဍ၏ စီမံခန့်ခွဲမှု 31

၂.၁.၂ EITI အကောင်အထည်ဖော်မှု 38

၂.၂ ယခင်အကြံပြုချက်များအား ဆက်လက်အရေးယူဆောင်ရွက်ခြင်း 44

၂.၂.၂ သစ်တောကဏ္ဍစီမံအုပ်ချုပ်မှု 50

၂.၂.၃ EITIအကောင်အထည်ဖော်မှု 58

၂၀၁၇-၁၈ နောက်ဆက်တွဲ 67

နောက်ဆက်တွဲ ၁: 68

နောက်ဆက်တွဲ ၂: 69

နောက်ဆက်တွဲ ၃: 82

နောက်ဆက်တွဲ ၄: 84

နောက်ဆက်တွဲ ၅:   85

နောက်ဆက်တွဲ ၆:   86

နောက်ဆက်တွဲ ၇။  သစ်မာ အမျိုးအစား အသေးစိတ် 100

နောက်ဆက်တွဲ ၈:   101

နောက်ဆက်တွဲ ၉:   103

နောက်ဆက်တွဲ ၁၀: SEE၏ အရှုံးအမြတ်အစီရင်ခံစာ 119

နောက်ဆက်တွဲ ၁၁: မြန်မာ့သစ်တောဌာန၏ ငွေကြေးအစီရင်ခံစာ 120

နောက်ဆက်တွဲ ၁၂: ငွေကြေး စီးဆင်းမှု ဖော်ပြချက် 139

နောက်ဆက်တွဲ ၁၃: အခြား ကုမ္ပဏီများ၏ သတင်းအချက်အလက်များ 141

နောက်ဆက်တွဲ ၁၄: ၂၀၁၇/၁၈ ဘဏ္ဍာနှစ် အိတ်ဖွင့်တင်ဒါရောင်းချခြင်း ပြက္ခဒိန် (ကျွန်း/သစ်မာ၊ သစ်လုံး/ပုံပြောင်းသစ်) 146

၂၀၁၆-၁၇ နောက်ဆက်တွဲ 148

နောက်ဆက်တွဲ ၁ - အသေးစား သစ်တောထွက် ပစ္စည်းများ ထုတ်လုပ်မှု (၂၀၀၈/၀၉ မှ ၂၀၁၆/၁၇) 148

နောက်ဆက်တွဲ ၂ - ကုမ္ပဏီအလိုက် ပြည်ပတင်ပို့မှုအသေးစိတ် (၂၀၁၆/၁၇) ᵓ 150

နောက်ဆက်တွဲ ၃ -  လုပ်သား အင်အား စာရင်း အချက်အလက် 157

နောက်ဆက်တွဲ ၄ - ထုတ်လုပ်မှု အသေးစိတ် (၂၀၁၆/၁၇ ဘဏ္ဍာနှစ်) 159

နောက်ဆက်တွဲ ၅ - ကျွန်းသစ်နှင့် သစ်မာ ကုန်လက်ကျန် (ဘဏ္ဍာနှစ် ၂၀၁၆/၂၀၁၇) 160

နောက်ဆက်တွဲ ၆ - သစ်ရောင်းချမှု အသေးစိတ် (ဘဏ္ဍာနှစ် ၂၀၁၆/၁၇ 160

နောက်ဆက်တွဲ ၇ - သစ်မာ မျိုးစိတ်များ အသေးစိတ် ᵓ 170

နောက်ဆက်တွဲ ၈ - ၂၀၁၆/၁၇ ဘဏ္ဍာနှစ်အတွင်း ကုန်ပစ္စည်းအလိုက် တရားမဝင် သစ် ဖမ်းဆီးရရှိမှု အသေးစိတ် 172

နောက်ဆက်တွဲ ၉ - စာချုပ် ပုံစံများ 174

နောက်ဆက်တွဲ ၁၀ - နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ အရှုံးနှင့် အမြတ် စာရင်း ᵓ 189

နောက်ဆက်တွဲ ၁၁ - MTE ၏ ဘဏ္ဍာရေးဆိုင်ရာ စာရင်းရှင်းတမ်းများ 190

နောက်ဆက်တွဲ ၁၂ - ငွေပေးချေမှု စီးဆင်းမှု ဖော်ပြချက် 199

နောက်ဆက်တွဲ ၁၃ - အခြားကုမ္ပဏီများနှင့် ပတ်သက်သော အချက်အလက်များ ᵓ 201

နောက်ဆက်တွဲ ၁၄ - ဘဏ္ဍာနှစ် ၂၀၁၆/၁၇ အတွက် တင်ဒါ ခေါ် ရောင်းချမှု ပြက္ခဒိန် (ကျွန်းသစ်/ သစ်မာ၊ သစ်လုံး/အသွင်ပြောင်း) ᵓ 205

နောက်ဆက်တွဲ ၁၅: ဆက်သွယ်ပါဝင်ခဲ့သူများ စာရင်း 205

နောက်ဆက်တွဲ ၁၆: ဝေါဟာရများ 210

# နိဒါန်း

## တွင်းထွက်သယံဇာတများ ဖော်ထုတ်ခြင်း ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး

တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး လုပ်ငန်း(EITI) သည် သဘာဝအရင်းအမြစ်များအား ပွင့်လင်းပြီး၊ တာဝန်ခံမှုရှိစွာ စီမံခန့်ခွဲနိုင်ရေးကို အားပေးအထောက်အကူပြုရန် အတွက် ဖော်ဆောင်ထားသည့် ကမ္ဘာ့စံသတ်မှတ်ချက်တစ်ခုဖြစ်သည်။ ဤလုပ်ငန်းအနေဖြင့် အစိုးရနှင့် ပုဂ္ဂလိကကုမ္ပဏီ များ၏ ပွင့်လင်းမြင်သာမှုနှင့် စီမံခန့်ခွဲမှုစနစ်များ အားကောင်းလာစေရေး၊ လူထုဆွေးနွေးပွဲများအတွက် သတင်းအချက် အလက်များ မျှဝေပေးနိုင်ရေးနှင့် ယုံကြည်မှု တိုးမြှင့်နိုင်ရေးတို့အတွက် ရည်ရွယ်လုပ်ဆောင်ပေးခြင်း ဖြစ်သည်။ ထို့သို့ ဖြစ်လာစေရန် အကောင်အထည်ဖော်နေသော နိုင်ငံတိုင်းတွင် အစိုးရများ၊ ကုမ္ပဏီများနှင့် အရပ်ဘက် အဖွဲ့အစည်းများ ပါဝင်သော သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့တစ်ခုမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြသည်။

EITI စံသတ်မှတ်ချက်တွင် နိုင်ငံများအလိုက် EITI အဖွဲ့ဝင်များကို “ကျေနပ်ဖွယ်ရာတိုးတက်မှု” “အဓိပ္ပာယ် ရှိသော တိုးတက်မှု”၊ “မထိုက်လျော်သောတိုးတက်မှု (သို့မဟုတ်) မတိုးတက်မှု” စသဖြင့် အကဲဖြတ်ဆန်းစစ်အတည်ပြုချက် ပြုလုပ်ပြီးနောက် ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်များကို ပြဌာန်းထားသည်။ ဤစံသတ်မှတ်ချက်မီ/မမီ ကို အစိုးရများ၊ ရွေးချယ်ထုတ်နှုတ်ထားသော ကုမ္ပဏီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပါဝင်သော နိုင်ငံတကာ EITI ဘုတ်အဖွဲ့မှ စောင့်ကြည့် အကဲဖြတ်ပေးသည်။[1]

၂၀၀၂ ခုနှစ် တောင်အာဖရိကနိုင်ငံ၊ ဂျိုးဟန်းနက်(စ်)ဘက်(ဂ်)မြို့ (Johannesburg) မြို့၌ ကျင်းပသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ကမ္ဘာ့ထိပ်သီးညီလာခံ (၂၀၀၂ ကမ္ဘာမြေထိပ်သီးညီလာခံ)တွင် တွင်းထွက်သယံဇာတ တူးဖော်ထုတ် လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI)အား စတင်ကြေညာခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် လန်ဒန်မြို့၌ တရားဝင်ကြေညာခဲ့သည်။ လက်ရှိကာလတွင် ကမ္ဘာပေါ်မှ နိုင်ငံပေါင်း (၅၂) နိုင်ငံ၌ EITI စံနှုန်းနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နေပြီဖြစ်သည်။

အောက်ဖော်ပြပါ ပုံ (၁) သည် နှစ်အလိုက် EITI နိုင်ငံများ၏

[1] https://eiti.org/

ဆင့်ကဲပြောင်းလဲလာမှုအား ဖော်ပြထားပြီး နိုင်းဂါနိုင်ငံ (Niger)သည် EITI သို့ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ မှ နောက်ဆုံးဝင်ရောက်ခဲ့သော နိုင်ငံဖြစ်သည်။[2]

2 https-//eiti.org/news/niger-rejoins-eiti




အောက်ပါ ဇယား ၁ နှင့် ၂တွင်ကမ္ဘာ့တိုက်ကြီးများအလိုက်နှင့်အတည်ပြုမှုအဆင့်အလိုက် EITI နိုင်ငံများစာရင်းအားအသေးစိတ် ဖော်ပြထားသည်။

*ဇယား ၁- ကမ္ဘာ့တိုက်ကြီးများအလိုက် EITI နိုင်ငံများ အသေးစိတ်*

| ကမ္ဘာ့တိုက်ကြီး များ | အာဖရိကတိုက် | အာရှတိုက် | တောင်အမေရိက | ဥရောပ | အိုရှင်းနီးယား |
|---|---|---|---|---|---|
| **အရေအတွက်** | **၂၅** | **၁၀** | **၁၀** | **၇** | **၁** |
| **%** | **၄၈**% | **၁၉**% | **၁၉%** | **၁၃%** | **၂**% |
| **နိုင်ငံများစာရင်း** | ၁။ ဘာကီနာ ဖဆို<br>၂။ ကင်မရွန်း<br>၃။ ဗဟိုအာဖရိကပြည်သူ့သမ္မတနိုင်ငံ<br>၄။ ချက်ဒ် (Chad)<br>၅။ ဒီအာစီ<br>၆။ အီသီယိုးပီးယား<br>၇။ ဂါနာ<br>၈။ အိုင်ဗရီ ကိုစ့်<br>၉။ လိုက်ဘေးရီးယား<br>၁၀။ မာဒါကာစကာ<br>၁၁။ မာလဝီ<br>၁၂။ မာလီ<br>၁၃။ မော်ရီတေးနီးယား<br>၁၄။ မိုဇမ်မစ်<br>၁၅။ နိုင်းဂါ<br>၁၆။ နိုင်ဂျီးရီယား<br>၁၇။ ကွန်ဂိုပြည်သူ့သမ္မတနိုင်ငံ<br>၁၈။ ဂင်နီပြည်သူ့သမ္မတနိုင်ငံ<br>၁၉။ စောင်တုံး အန် ပရင်စီပီ (São Tomé and Príncipe)<br>၂၀။ ဆီနီဂေါ<br>၂၁။ ဆေရှယ်(လ်)(စ်) (Seychelles)<br>၂၂။ စီအာရာ လီယုံး (Sierra Leone)<br>၂၃။ တန်ဇန်နီးယား<br>၂၄။ တိုဂို<br>၂၅။ ဇမ်ဘီယာ | ၁။ အာဖဂန်နစ္စတန်<br>၂။ အင်ဒိုနီးရှား<br>၃။ အီရတ်<br>၄။ ကာဇာစတန်<br>၅။ ကီယာဂစ် သမ္မတနိုင်ငံ ( Kyrgyz Republic)<br>၆။ ဖိလစ်ပိုင်<br>၇။ မွန်ဂိုးလီးယား<br>၈။ **မြန်မာ**<br>၉။ တာဂျစ်ကစ်စတန်<br>၁၀။ တီမောလစ် (Timor Leste) | ၁။ အာဂျင်တီးနား<br>၂။ ကိုလံဘီယာ<br>၃။ ဒိုမီနီကန်သမ္မတနိုင်ငံ<br>၄။ ဂွါတီမာလာ<br>၅။ ဂိုင်ယာနာ<br>၆။ ဟွန်ဒူရက်စ်<br>၇။ မက်ဆီကို<br>၈။ ပီရူး<br>၉။ ဆူရီနမ်<br>၁၀။ တရီနီဒတ် နှင့် တိုဘာဂို | ၁။ အယ်ဘနီးယား<br>၂။ အာမေးနီးယား<br>၃။ ဂျာမနီ<br>၄။ နယ်သာလန်<br>၅။ နော်ဝေ<br>၆။ ယူကရိန်း<br>၇။ ယူကေ | ၁။ ပါပူဝါ နယူးဂီနီ |

**ဇယား ၂- အတည်ပြုမှုအဆင့်အလိုက် *EITI* နိုင်ငံများ အသေးစိတ်**

| ကမ္ဘာ့တိုက်ကြီးများ | ကျေနပ်ဖွယ်ရာ | အဓိပ္ပာယ်ရှိသော | မထိုက်လျော်သောတိုးတက်မှု | စစ်ဆေးရန်ကျန်ရှိ |
|---|---|---|---|---|

| | **တိုးတက်မှု** | **တိုးတက်မှု** | **(မတိုးတက်မှု)** | |
|---|---|---|---|---|
| အမှတ် | **၈** | **၃၃** | **၆** | **၆** |
| **%** | **၁၅**% | **၆၃%** | **၁၁%** | **၁၁%** |
| နိုင်ငံများစာရင်း | ၁။ ကိုလံဘီယာ<br>၂။ ဂျာမနီ<br>၃။ မွန်ဂိုလီးယား<br>၄။ နိုင်ဂျီးရီးယား<br>၅။ နော်ဝေ<br>၆။ ဖိလစ်ပိုင်<br>၇။ စီနီဂေါ<br>၈။ တီမောလက်စတယ်(Timor Leste) | ၁။ အယ်ဘနီးယား<br>၂။ ဘာကီနာ ဖဆို<br>၃။ ကင်မရွန်း<br>၄။ ချက်ဒ်<br>၅။ ဒိုမီနီကန် ပြည်သူ့သမ္မတနိုင်ငံ<br>၆။ ဒီအာစီ<br>၇။ အင်ဒိုနီးရှား<br>၈။ အီရတ်<br>၉။ အိုင်ဗရီကိုစ့်<br>၁၀။ လိုင်ဘေးရီးယား<br>၁၁။ အီသီယိုးပီးယား<br>၁၂။ ဂါနာ<br>၁၃။ ဂင်နီ<br>၁၄။ ဟွန်ဒူရက်စ်<br>၁၅။ ကာဇာစတန်<br>၁၆။ မာဒါကာစကာ<br>၁၇။ မော်လဝီ<br>၁၈။ မာလီ<br>၁၉။ မော်ရီတေးနီးယား<br>၂၀။ မိုဇမ်ဘိ<br>၂၁။ **မြန်မာ**<br>၂၂။ ပါပူဝါ နယူးဂီနီ<br>၂၃။ ပီရူး<br>၂၄။ ကွန်ဂိုပြည်သူ့သမ္မတနိုင်ငံ<br>၂၅။ စောင်တုံး အန် ပရင်စီပီ (São Tomé and Príncipe)<br>၂၆။ ဆေရှယ်(လ်)(စ်) (Seychelles)<br>၂၇။ စီအာရာ လီယုံး (Sierra Leone)<br>၂၈။ တန်ဇမ်းနီးယား<br>၂၉။ တိုဂို<br>၃၀။ တရီနီဒတ် နှင့် တိုဘာဂို<br>၃၁။ ယူကရိန်း<br>၃၂။ ယူကေ<br>၃၃။ ဇမ်ဘီယာ | ၁။ အာဖဂန်နစ္စတန်<br>၂။ ဗဟိုအာဖရိကပြည်သူ့သမ္မတနိုင်ငံ<br>၃။ ဂွါတီမာလာ<br>၄။ ကီယာဂစ်သမ္မတနိုင်ငံ<br>၅။ မက်ဆီကို<br>၆။ တာဂျစ်ကစ်စတန် | ၁။ အာဂျင်တီးနား<br>၂။ အာမေးနီးယား<br>၃။ ဂိုင်ယာနာ<br>၄။ နယ်သာလန်<br>၅။ နိုင်ဂါ<br>၆။ ဆူရီနမ် |

ပုံ(၂)တွင် ဖော်ပြထားသည့်အတိုင်း EITI စီမံကိန်းများအတွက် လိုက်နာရမည့် နည်းပညာမှာ (၆)ဆင့်ရှိသည်။

*ပုံ ၂- EITI လုပ်ငန်းစဉ်*




# မြန်မာနိုင်ငံ၏ EITI

မြန်မာနိုင်ငံ၏ EITI လုပ်ငန်းစဉ် ၏ အချိန်ဇယားအား အောက်ပါပုံ (၃)တွင် အနှစ်ချုပ်ဖော်ပြထားသည်။ [3]




*ပုံ ၃- MEITI ၏ အချိန်ဇယား*

မြန်မာနိုင်ငံသည် သစ်တောကဏ္ဍအား တိုက်ဆိုင်စစ်ဆေးခြင်းနယ်ပယ်သို့ ထည့်သွင်းသော EITI နိုင်ငံများအချို့ထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။ လက်ရှိအချိန်အထိ ဘဏ္ဍာနှစ် ၂၀၁၄/၁၅ နှင့် ၂၀၁၅/၁၆ အား ဖော်ပြထားသည့် အစီရင်ခံစာ ၂ခု ထုတ်ဝေပြီးပြီဖြစ်သည်။ ယခုလက်ရှိလုပ်ငန်းဆောင်တာအနေဖြင့် မြန်မာ့သစ်တောကဏ္ဍ၏ ဘဏ္ဍာနှစ် ၂၀၁၆/၁၇ နှင့် ၂၀၁၇/၁၈အား ဖော်ပြသည့်

3 https-//eiti.org/myanmar

တတိယနှင့် စတုတ္ထအစီရင်ခံစာ ထုတ်ဝေရန် ရည်ရွယ်သည်။

## ရည်ရွယ်ချက်

ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ သစ်တောလုပ်ငန်းများဆောင်ရွက်နေကြသည့် ကုမ္ပဏီများမှအစိုးရသို့ ပေးဆောင် ထားသော အခွန်၊အခဆိုင်ရာကိန်းဂဏန်း၊အချက်အလက်များ ("ကုမ္ပဏီများ"ဟု ခေါ်ဝေါ်ထားသည်) နှင့် သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနများနှင့် ဌာနအဖွဲ့အစည်းများမှ ကုမ္ပဏီများမှ ကောက်ခံရရှိသော အခွန်၊အခများ၊ အစိုးရဝန်ကြီး ဌာန အဖွဲ့အစည်းများအကြား လွှဲပြောင်းပေးချေမှုများနှင့်သက်ဆိုင်သော ကိန်းဂဏန်း၊အချက်အလက်များကို တိုက်ဆိုင် စစ်ဆေး ကြည့်ရန်ဖြစ်သည်("အစိုးရဌာန အဖွဲ့အစည်းများ" ဟုခေါ်ဝေါ်ထားသည်)

ဤတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်၏ အလုံးစုံသော ရည်မှန်းချက်များမှာ သစ်တောကဏ္ဍအနေဖြင့် နိုင်ငံစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုများတွင် ကောင်းမွန်တန်ဘိုးရှိသော ထိရောက်သော ပါဝင်မှုများ သတ်မှတ်ဖော်ဆောင်ခြင်းဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအား အထောက်အကူပြုရန် နှင့် EITI စည်းမျဉ်းများနှင့် သတ်မှတ်ချက်များအား အပြည့်အဝအကောင်အထည်ဖော်မှုများပြုလုပ်ပြီး အရင်းအမြစ်ဆိုင်ရာ စီမံအုပ်ချုပ်မှုတိုးတက်ကောင်းမွန်မှုကို ဖော် ဆောင် ပေးနိုင်ရန်အတွက်ဖြစ်ပါသည်။

## လုပ်ငန်းသဘာဝနှင့် အတိုင်းအတာ

ကျွန်ုပ်တို့အနေဖြင့် လုပ်ငန်းဆောင်တာများအား ၎င်းတို့နှင့် ပတ်သက်ဆက်နွယ်သော ဝန်ဆောင်မှုဆိုင်ရာ နိုင်ငံတကာ စာရင်းစစ် စံနှုန်းများနှင့်အညီ လုပ်ဆောင်ခဲ့ပါသည် (ဘဏ္ဍာရေး သတင်း အချက်အလက်များနှင့် ပတ်သက်၍ သဘောတူ ထားသော လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် ညှိနှိုင်းမှုများ ISRS ၄၄၀၀)။ ထိုလုပ်ထုံးလုပ်နည်းများအား MSGမှ အတည်ပြုထားသည့် လုပ်ငန်းတာဝန် နှင့် ဝတ္တရား (ToR) နှင့် တောင်းဆိုထားသည့် အဆိုပြုချက်များအရ လုပ် ဆောင်ထားသည်။

အသုံးပြုခဲ့သော တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်များသည် စာရင်းစစ်ခြင်းအတွင်း ထည့်သွင်းပါဝင်နိုင်ရန် (သို့မဟုတ်) နိုင်ငံတကာ စာရင်းစစ်စံနှုန်းများ သို့မဟုတ် ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြန်လည်သုံးသပ်ရန် ရေးဆွဲထားခြင်းမဟုတ်သောကြောင့် ကျွန်ုပ်တို့အနေဖြင့် ဤအစီရင်ခံစာအတွင်း ပါဝင်သည့် ထုတ်ပြန်ချက် အားလုံးမှ အပြည့်အစုံများမှ ကျော်လွန်၍ ပြုလုပ်ထားသည့် ငွေကြေးအဝင်အထွက်များအပေါ် မည်သည့် အာမခံချက်မျှ မပေးနိုင်ပါ။

ကျွန်ုပ်တို့ အနေဖြင့် ဖြည့်စွက်လုပ်ငန်းစဉ်များအား ဆောင်ရွက်ခြင်းအားဖြင့် အခြားသော ကိစ္စရပ်များအား သတိပြုမိခဲ့ သည့်ရှိသော် သင်တို့ထံ အစီရင်ခံတင်ပြမည်ဖြစ်သည်။

အစီရင်ခံစာတွင် အောက်ဖော်ပြပါ အခန်း (၆) ခန်း ပါဝင်သည်။

၁။ အနှစ်ချုပ်တင်ပြချက်

၂။ ချည်းကပ်ပုံနှင့် သုတေသနနည်းလမ်း

၃။ ဘဏ္ဍာရေးကဏ္ဍနှင့် မသက်ဆိုင်သော သတင်းအချက်အလက်များ

၄။ တိုက်ဆိုင်စစ်ဆေးခြင်းပြုလုပ်မည့် နယ်ပယ်သတ်မှတ်ခြင်း -

၅။ တိုက်ဆိုင်စစ်ဆေးခြင်း ရလဒ်များ

၆။ အကြံပြုချက်များ

ဤအစီရင်ခံစာတွင် ပုဂ္ဂလိကကုမ္ပဏီများ၊ အစိုးရဌာနအဖွဲ့အစည်းများနှင့် အခွန်စီးဆင်းမှုများဆိုင်ရာ အချက်အလက် များအား နောက်ဆက်တွဲအဖြစ် ဖော်ပြထားသည်။ ဤအစီရင် ခံစာပါငွေကြေး တန်ဖိုးပမာဏများကို အခြားနိုင်ငံခြားငွေ ဖြင့်ဖော်ပြထားချက်မှအပ မြန်မာကျပ်ငွေ သန်းပေါင်း သို့မဟုတ် ဘီလီယံ စသည်ဖြင့် တွက်ချက်ထားသည်။

ဤအစီရင်ခံစာတွင် ၂၀၂၀ ခုနှစ် ဧပြီလ (၇) ရက်နေ့အထိ ရရှိထားသော အချက်အလက်များအား ထည့်သွင်းထားသည်။ ၎င်းကာလနောက်ပိုင်း ရရှိလာသော သတင်းအချက်အလက်များကို ထည့်သွင်းထားခြင်းမရှိပါ။

# ၁။ အနှစ်ချုပ် တင်ပြခြင်း

ဤအစီရင်ခံစာသည် EITI အကောင်အထည်ဖော်ခြင်း တစ်စိတ်တစ်ဒေသအနေနှင့် မြန်မာနိုင်ငံ၏ သစ်တောကဏ္ဍမှ အခွန်ဝင်ငွေနှင့် အခွန်မဟုတ်သောဝင်ငွေကို တိုက်ဆိုင်စစ်ဆေးခြင်းနှင့်ပတ်သက်၍ သတင်းအချက်အလက်များစုစည်း ထားပါသည်။ ထို့အပြင် မြန်မာ့သစ်လုပ်ငန်း MTE မှ နိုင်ငံတော်ဘတ်ဂျက်သို့ ငွေသားထည့်ဝင်စီးဆင်းမှုကိုလည်း ဖော်ပြ ထားပါသည်။

## ၁.၁) သစ်တောကဏ္ဍမှ ရရှိသော ဝင်ငွေများ

ဘဏ္ဍာနှစ် ၂၀၁၇/၁၈ ကာလအတွင်း သစ်တောကဏ္ဍမှ ကောက်ခံရရှိသော ဝင်ငွေစုစုပေါင်းမှာ မြန်မာကျပ်ငွေ ဘီလီယံပေါင်း ၄၃၇ (သို့မဟုတ် အမေရိကန်ဒေါ်လာသန်းပေါင်း ၃၂၂) ရှိသည်။ သစ်တောကဏ္ဍမှ ကောက်ခံရရှိသော

ဝင်ငွေအများစုမှာ သစ်လုပ်ငန်းမှဖြစ်သည်။ သစ်မဟုတ်သော သစ်ထွက်ပစ္စည်းများ(NTFP)မှ ရရှိမှုမှာ ၁%.ထက် လျော့နည်းသည်။

အောက်ဖော်ပြပါ ဇယား ၃တွင် ဘဏ္ဍာရေးဝင်ငွေစီးဆင်းမှုများအား အသေးစိတ်ဖော်ပြထားသည်။

ဇယား ၃- ကဏ္ဍခွဲအလိုက် မြန်မာ့သစ်တောမှ ဝင်ငွေ (၂၀၁၇/၁၈ ဘဏ္ဍာနှစ်) *Table 1*

| အခွန်ပေးဆောင်မှု | **တိုက်ဆိုင်စစ်ဆေးမှု အခြေအနေ** | ပေးဆောင်သူ | လက်ခံရရှိသူ | မြန်မာငွေကျပ် ဘီလီယံပေါင်း | အမေရိကန်ဒေါ်လာကျပ်သန်းပေါင်း | **%** |
|---|---|---|---|---|---|---|
| ဝင်ငွေခွန် (IT) | တိုက်ဆိုင်စစ်ဆေးပြီး | MTE | IRD | ၅၁.၅၁ | ၃၇.၉၉ | ၁၁.၈၀% |
| နိုင်ငံတော်သို့ထည့်ဝင်ငွေ(SC) | တိုက်ဆိုင်စစ်ဆေးပြီး | MTE | TD | ၄၁.၂၁ | ၃၀.၄၀ | ၉.၄၄ % |
| ကုန်သွယ်ခွန် (CT) | တိုက်ဆိုင်စစ်ဆေးပြီး | MTE | IRD | ၁၆.၅၇ | ၁၂.၂၂ | ၃.၈၀% |
| အထူးကုန်စည်ခွန်(SGT) | တိုက်ဆိုင်စစ်ဆေးပြီး | MTE | IRD | ၁၅.၉၅ | ၁၁.၇၇ | ၃.၆၅% |
| ခိုင်ကြေး (Royalties) | တိုက်ဆိုင်စစ်ဆေးပြီး | MTE | FD | ၃.၀၃ | 2.23 | 0.69% |
| အခြားဘဏ္ဍာငွေများ | တစ်ဖက်သက်ထုတ်ပြန်ခြင်း တဖက်သတ်သီးခြားဖော်ပြချက် | ပုဂ္ဂလိက | FD | ၂.၀၃ | 1.50 | 0.46% |
| အမြတ်ဝေစု | တိုက်ဆိုင်စစ်ဆေးပြီး | FPJVC | FD | 0.03 | 0.02 | 0.01% |
| သစ်တောဌာနမှရရှိသော ဘဏ္ဍာငွေစုစုပေါင်း | | | | ၁၃၀.၃၃ | ၉၆.၁၃ | ၂၉.၈၅% |
| **NTFP**နှင့် အခြားမှ ရရှိသော ဘဏ္ဍာငွေစုစုပေါင်း | တဖက်သတ်သီး ခြားဖော်ပြချက် | ပုဂ္ဂလိက | **FD** | ၄.၀၈ | ၃.၀၁ | ၀.၉၃% |
| | | **ကဏ္ဍအလိုက် စုစုပေါင်း ၁** | | **၁၃၄.၄၁** | **၉၉.၁၄** | **၃၀.၇၈%** |
| သစ်ရောင်းချမှုမှရရှိသော အမေရိကန်ဒေါ်လာ (သစ်တင်ပို့မှု) | တဖက်သတ်သီးခြားဖော်ပြချက် | ပုဂ္ဂလိက | MTE | ၁၈၆.၆၈ | ၁၃၇.၆၉ | ၄၂.၇၅% |
| သစ်ရောင်းချမှုမှရရှိသော မြန်မာကျပ်ငွေ (ပြည်တွင်း) | တဖက်သတ်သီးခြားဖော်ပြချက် | ပုဂ္ဂလိက | MTE | ၁၁၅.၅၆ | ၈၅.၂၃ | ၂၆.၄၆% |
| | | **ကဏ္ဍအလိုက် စုစုပေါင်း ၂** | | **၃၀၂.၂၄** | **၂၂၂.၉၂** | **၆၉.၂၂%** |
| | | | **စုစုပေါင်း** | **၄၃၆.၆၅** | **၃၂၂.၀၅** | **၁၀၀.၀၀%** |

*Source- EITI Data.*

သစ်တောကဏ္ဍမှ ရရှိသော အစိုးရပြေစာ စုစုပေါင်း ၏ ၉၅% အား တိုက်ဆိုင်စစ်ဆေးထားပြီး အောက်ပါ ကဏ္ဍ ၅.၁.၁ တွင် အသေးစိတ်ကို ဖော်ပြထားသည်။ EITI ကိန်းဂဏန်းများအရ ၂၀၁၇-၁၈ ဘဏ္ဍာနှစ် အတွင်း ပြည်တွင်းအခွန်ဦးစီး ဌာန (IRD) နှင့် ငွေတိုက်ဦးစီးဌာန (TD) တို့မှရရှိငွေ ၉၃% ကျော်

စာရင်းဖြစ်ပါသည်။

သစ်တောကဏ္ဍမှ ရရှိသော ဝင်ငွေများသည် ၂၀၁၄-၁၅ ဘဏ္ဍာနှစ် မှ စ၍ နှစ်စဉ်တိုးတက်နှုန်း(CAGR) ကျဆင်းလာခဲ့ပြီး ဘဏ္ဍာနှစ် ၂၀၁၄-၁၅ နှင့် ၂၀၁၇-၁၈ အကြားတွင် ၁၂% ကျဆင်းခဲ့သည်။

၂၀၁၄-၁၅ နှင့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ် အတွင်း သစ်တောကဏ္ဍမှ ဝင်ငွေ ဆင့်ကဲပြောင်းလဲလာမှုများအား အောက်ဖော်ပြပါ ဇယား ၄ နှင့် ပုံ၄ တွင် ဖော်ပြထားသည်။

ဇယား ၄- သစ်တောကဏ္ဍ၏ ဝင်ငွေများ ဆင့်ကဲပြောင်းလဲလာမှု (၂၀၁၄/၁၅ မှ ၂၀၁၇/၁၈ ဘဏ္ဍာနှစ်အထိ) *Table 2*

| **သစ်လုပ်ငန်းမှ ဝင်ငွေစုစုပေါင်း** | ၂၀၁၇/၁၈ | ၂၀၁၆/၁၇ | ၂၀၁၅/၁၆ | ၂၀၁၄/၁၅ | **CAGR** (၂၀၁၄/၁၅ မှ ၂၀၁၇/၁၈) |
|---|---|---|---|---|---|
| မြန်မာကျပ်ငွေ ဘီလီယံဖြင့် | ၄၃၆.၆၅ | ၄၈၀.၀၅ | ၅၈၄.၉၄ | ၆၅၅.၁၇ | **-၁၂.၆၅%** |
| ငွေလဲလှယ်နှုန်း အမေရိကန်ဒေါ်လာ/မြန်မာကျပ် | ၁,၃၅၅.၈၂ | ၁၂၆၀.၆၀ | ၁,၂၂၃.၅၈ | ၉၉၅.၂၆ | **၁၀.၈၅**% |
| အမေရိကန်ဒေါ်လာသန်းပေါင်း | ၃၂၂.၀၅ | ၃၈၀.၈၁ | ၄၇၈.၀၆ | ၆၅၈.၂၉ | **-၂၁.၂၀%** |

ပုံ ၄- သစ်တောကဏ္ဍ၏ ဝင်ငွေများ ဆင့်ကဲပြောင်းလဲလာမှု (၂၀၁၄/၁၅ မှ ၂၀၁၇/၁၈ ဘဏ္ဍာနှစ်များ အထိ) (ကိန်းဂဏန်းများအား မြန်မာကျပ်ငွေ ဘီလီယံဖြင့် ဖော်ပြထားသည်)



## ၁.၂) မြန်မာ့စီးပွားရေးအပေါ် အထောက်အကူပြုမှု

၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် သစ်တောကဏ္ဍမှ တိုင်းပြည်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP)၊ နိုင်ငံတော်သို့ ဝင်ငွေ၊ တင်ပို့ကုန်နှင့် လုပ်သားများဆိုင်ရာ အထောက်အကူပြုမှုအား အောက်ပါ ပုံ ၅တွင် ဖော်ပြထားသည်။ အစီရင်ခံစာ အပြည့်အစုံ၏ ကဏ္ဍ ၃.၁.၄တွင် ပိုမို၍ အသေးစိတ် ဖော်ပြထားပါသည်။

ပုံ ၅- Macro-economic indicators(မက်ခရို စီးပွားရေး အညွှန်းကိန်းများ (၂၀၁၇/၁၈ ဘဏ္ဍာနှစ်) *Figure 1* [4]










၀.၁%

၀.၆%

၅%




၀.၂%

သစ်တောကဏ္ဍအနေဖြင့် လုပ်သားခန့်အပ်ထားနိုင်ခြင်းမှာ နည်းပါးသော်လည်း မြန်မာနိုင်ငံလူဦးရေ၏ ၈၀% မှာ ချက်ပြုတ်ရန်အတွက် ထင်းနှင့် မီးသွေးများအား မှီခိုအသုံးပြုနေရပြီး တောင်ပေါ်ဒေသတွင်

[4] Source- CSO and EITI data.

နေထိုင်ကြသူများ၏ အကြမ်းဖျင်း ၄၂%သည် ၎င်းတို့ရှင်သန်ရပ်တည်ရေး အလုပ်အကိုင်များအတွက် သစ်တောများအား မှီခိုအားထားနေရသောကြောင့် သစ်တောကဏ္ဍအား အလေးပေးဖော်ပြသင့်သည်။

## ၁.၃) သစ်ထုတ်လုပ်ခြင်း

၂၀၁၇/၁၈ ဘဏ္ဍာနှစ်အတွင်း MTE အနေဖြင့် ကျွန်းပင် ၉၄၅၄ ပင်(၁၅၄၁၆ hoppusဟော့ပတ်စ် တန်) ခုတ်လှဲခဲ့ပြီး နှစ်စဉ်ခုတ်လှဲနိုင်သည့် ပမာဏ (AAC)၏ ခန့်မှန်းခြေ ၅၀%ရှိခဲ့သည်။ သစ်မာပင် ၁၄၈,၁၈၁ ပင် (၃၂၅၀၁၂ hoppus ဟော့ပတ်စ်တန်) ခုတ်လှဲခဲ့ပြီး AAC၏ ၂၅% ရှိခဲ့သည်။

ဤကိန်းဂဏန်းများသည် MTE ၏ ထိန်းချုပ်မှု ပြင်ပရှိ(ဖမ်းဆီးရမိပြီး မသိရှိနိုင်သော ပမာဏ) တရားမဝင်သစ်ခုတ်လှဲ ခြင်းများအား မပါဝင်ကြောင်း အလေးပေးဖော်ပြလိုသည်။

အစီအရင်ခံစာအပြည့်အစုံ၏ ကဏ္ဍ ၃.၁.၆တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် သစ်ထုတ်လုပ်မှုအား အသေး စိတ် ဖော်ပြထားသည်။ မြန်မာနိုင်ငံမှထုတ်လုပ်သည့် အခြားသော အသေးစားသစ်တောထွက်ပစ္စည်းများအားလည်း ဤအစီအရင်ခံစာ၏ နောက်ဆက်တွဲ(၁) တွင် အသေးစိတ်ဖော်ပြထားသည်။

## ၁.၄) သစ်ရောင်းချခြင်း

MTE မှ အချက်အလက်များအရ ဘဏ္ဍာနှစ် ၂၀၁၇-၁၈တွင်း သစ်ရောင်းချခြင်းမှု မှ အမေရိကန်ဒေါ်လာသန်းပေါင်း ၂၃၃ ရရှိခဲ့သည်။

သစ်ရောင်းချခြင်း၏ ခန်းမှန်းခြေ ၆၂% သည် အမေရိကန်ဒေါ်လာဖြင့်ဖြစ်ကြောင်း အောက်ဖော်ပြပါ ဇယား ၅ နှင့် ပုံ ၆တွင် ဖော်ပြထားသည်။

***ဇယား ၅- သစ်အရောင်းများ (၂၀၁၇/၁၈ ဘဏ္ဍာနှစ်) 2***

| သစ်ရောင်းချရငွေ | အမေရိကန်ဒေါ်ကသန်းပေါင်း | % |
|---|---|---|
| သစ်ရောင်းချရငွေ အမေရိကန်ဒေါ်လာသန်းပေါင်း *(သစ်တင်ပို့မှု)* | ၁၃၇.၆၉ | ၆၁.၇၇ % |
| သစ်ရောင်းချရငွေ မြန်မာကျပ်ငွေ*(ပြည်တွင်း)* | ၈၅.၂၃ | ၃၈.၂၃% |
| စုစုပေါင်းတန်ဖိုး | [illegible] | ၁၀၀% |

***ပုံ ၆- သစ်အရောင်းများ (၂၀၁၇/၁၈ ဘဏ္ဍာနှစ်)***



ဘဏ္ဍာနှစ် ၂၀၁၄-၁၅ ခုနှစ်မှစ၍ လွန်ခဲ့သော လေးနှစ်အတွင်း သစ်အရောင်း၏ နှစ်စဉ်တိုးတက်နှုန်း(CAGR)သည် ၁၈% ကျဆင်းလာကြောင်းကို အောက်ပါ ပုံ ၇ တွင် ဖော်ပြထားသည်။




*ပုံ ၇- သစ်အရောင်းများ၏ ဆင့်ကဲပြောင်းလဲလာမှု (၂၀၁၄/ ၁၅ မှ ၂၀၁၇/ ၁၈ အထိ) ကိန်းဂဏန်းများအား အမေရိကန်ဒေါ်လာ သန်းပေါင်းဖြင့် ဖော်ပြထားသည်*

သစ်ရောင်းချမှုဆိုင်ရာ အသေးစိတ်အချက်အလက်များအား အစီအရင်ခံစာအပြည့်အစုံ၏ ကဏ္ဍ ၃.၁.၇ တွင် ဖော်ပြထားသည်။

## ၁.၅) ပြည်ပသို့ သစ်တင်ပို့ခြင်း

ဗဟိုစာရင်းအင်းအဖွဲ့(CSO)မှ ထုတ်ပြန်သော အချက်အလက်များအရ ဘဏ္ဍာနှစ် ၂၀၁၇/၁၈ အတွင်း သစ်တင်ပို့မှုသည် အမေရိကန် ဒေါ်လာ ၈၈ သန်း ရရှိခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၂ သန်း (သို့မဟုတ် ၃၇%) မှာ အိန္ဒိယနိုင်ငံသို့တင်ပို့ခဲ့ခြင်းဖြစ်သည်။

အောက်ပါပုံ ၈ တွင် ဘဏ္ဍာနှစ် ၂၀၁၄/၁၅ မှစ၍ သစ်တင်ပို့ခြင်းဆိုင်ရာ ဆင့်ကဲပြောင်းလဲလာမှုကို ဖော်ပြထားသည်။

*ပုံ ၈- သစ်တင်ပို့ရောင်းချမှု (၂၀၁၄/၁၅ မှ ၂၀၁၇/၁၈ ဘဏ္ဍာနှစ်အထိ) (အမေရိကန်ဒေါ်လာ*




*သန်းပေါင်းဖြင့်)*

သစ်တင်ပို့မှုဆိုင်ရာ အသေးစိတ်အချက်အလက်များအား အစီအရင်ခံစာအပြည့်အစုံ၏ ကဏ္ဍ ၃.၁.၄တွင် ဖော်ပြထားသည်။

## ၁.၆) အချက်အလက်များ ပြည့်စုံမှုနှင့် ယုံကြည်စိတ်ချရမှု

### ၁.၆.၁) အချက်အလက်များ တင်သွင်းခြင်း

စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းတွင်ပါဝင်သော ကုမ္ပဏီ နှင့် အစိုးရအေဂျင်စီများသည် ၄င်းတို့၏ အစီရင်ခံစာပုံစံ များ (RT) ကို ညွှန်ကြားချက် များအတိုင်း သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ MSG မှ သတ်မှတ်ထားသော အချိန်အတွင်း တင်ပြခဲ့ပြီး ဖြစ်ပါ သည်။

### ၁.၆.၂) တင်သွင်းပြီးအချက်အလက်များ၏ မှီခိုအားထားနိုင်မှု

**ရွေးချယ်ထားသည့် ကုမ္ပဏီများ**

MSG မှ ဆုံးဖြတ်ချက်နှင့်အညီ RT Reporting Template များအား ကုမ္ပဏီ၏ သက်ဆိုင်ရာတာဝန်ရှိသူများမှ အတည်ပြုပြီး အသေးစိတ် ပေးချေမှုများအား စာရင်းစစ် အစီရင်ခံစာမိတ်တူ နှင့် တပါတည်းတင်ပြရပါမည်။

အဆိုပါနှင့် စပ်လျဉ်း၍ FPJVC အနေဖြင့် သဘောတူညီထားသည့် ညွှန်ကြားချက်များအား လိုက်နာခဲ့သည်။

**အစိုးရကုမ္ပဏီ အေဂျင်စီများ**

မြန်မာ့သစ်လုပ်ငန်း (MTE) အပါအဝင် အစိုးရအေဂျင်စီများအနေဖြင့်လည်း သက်ဆိုင်ရာတာဝန်ရှိသူမှ RT Reporting Template များအား လက်မှတ်ထိုးကာ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး(OAG) မှ အတည်ပြု ထား သော ပေးချေမှုအသေးစိတ်များ ပူးတွဲတင်ပြရမည် ဖြစ်သည်။

အစိုးရအေဂျင်စီအားလုံးသည် အသေးစိတ်ပေးချေမှုများ ပါဝင်သော လက်မှတ်ထိုးထားသည့်RT Reporting Template များကို တင်ပြခဲ့ကြသည်။

မြန်မာ့သစ်လုပ်ငန်း MTE နှင့် အခြားအစိုးရအေဂျင်စီများအားလုံးမှ တင်ပြထားသော Reporting Template RT များကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (OAG) မှ မှန်ကန်ကြောင်း တင်ပြခဲ့ပါသည်။

### ၁.၆.၃) အနှစ်ချုပ်

ကျွန်ုပ်တို့သည် အစီရင်ခံတင်ပြသူများ၏ တင်ပြထားသော ကိန်းဂဏန်းများကို သေချာစိတ်ချရမှုအတွက် စာရင်းမစစ်ခဲ့ ပါ။ FPJVCမှလည်း ၂၀၁၇/၁၈ ဘဏ္ဍာနှစ်အတွက် ၎င်းတို့၏ စာရင်းစစ်အစီရင်ခံ မိတ္တူများ တင်ပြခဲ့ကြသည်။ ကုမ္ပဏီများ၊MTEနှင့်အစိုးရအေဂျင်စီများမှ နောက်ဆုံးအကဲဖြတ်ထားသော လွှမ်းခြုံပြည်စုံ မှုနှင့် အားထားရသည့် စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းအတွက် ဘဏ္ဍာရေးအချက်အလက်များမှာ စိတ်ကျေနပ် စရာရှိသည်ဟု ကျွန်ုပ်တို့ ကောက်ချက်ချ ပါသည်။

## ၁.၇) စာရင်းတိုက်ဆိုင်စစ်ဆေးမှု ရလဒ်အကျဉ်းချုပ်

ဝင်ငွေခွန်၊ နိုင်ငံတော်မှ ထည့်ဝင်ငွေနှင့် အမြတ်ဝေစုများအား သဘောတူညီထားသော ကိန်းဂဏန်းများနှင့် တိုက်ဆိုင် စစ်ဆေးပြီးသောအခါ ပြင်ဆင်သတ်မှတ်မှုများ မလိုအပ်ကြောင်း ဆုံးဖြတ်ခဲ့သည်။ သို့သော် အထူးကုန်စည်ခွန် (Specific Good Tax – SGT) SGT၊ ကုန်သွယ်ခွန်နှင့် သစ်တောခွန် ခိုင်ကြေး(royalties)တို့အား စုစုပေါင်း မြန်မာကျပ်ဘီလီယံပေါင်း ၂.၄၂ (သို့မဟုတ် အမေရိကန် ဒေါ်လာ ၁.၇၈ သန်း) တန်ဖိုးရှိ ပြင်ဆင်မှု အချို့ပြုလုပ်ခဲ့သည်။ အောက်ပါ ဇယား(၆)တွင် စာရင်းတိုက်ဆိုင်စစ်ဆေးမှုအရ သစ်တောဝင်ငွေများအား ဖော်ပြထားပါသည်။

***ဇယား ၆- တိုက်ဆိုင်စစ်ဆေးခြင်းဆိုင်ရာ ပြင်ဆင်ချက်များ (၂၀၁၇/၁၈ ဘဏ္ဍာနှစ်)***

မြန်မာကျပ်ငွေ ဘီလီယံဖြင့်

| ကိန်းဂဏန်းများ | MTE နှင့် FPJVC | IRD, TD နှင့် FD | ခြားနားချက် | % |
|---|---|---|---|---|
| ကနဦး | ၁၂၈.၃၁ | ၁၂၅.၈၉ | ၂.၄၂ | ၁.၉၂% |
| IA ညှိနှိုင်းမှု | - | ၂.၄၂ | -၂.၄၂ | -၁၀၀% |
| အချောသတ် | ၁၂၈.၃၁ | ၁၂၈.၃၁ | - | - |

*Source- EITI data.*

## ၁.၈) တွေ့ရှိချက်များနှင့် အကြံပြုချက်များ

ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ် တိုးတက်ရန် ရှုထောင့်အမြင်နှင့် ဝင်ငွေစီမံခန့်ခွဲမှုများအတွက် တွေ့ရှိ ချက် နှင့် အကြံပြုချက်(၆)ချက် ဖော်ပြခဲ့သည်။ အောက်ပါ ဇယား (၇)တွင် ထိုအကြံပြုချက်များအား တင်ပြထားသည်။

***ဇယား ၇- အကြံပြုချက် အသစ်များ***

| စဉ် | အကြံပြုချက်များ |
|---|---|
| | **သစ်တောကဏ္ဍ စီမံအုပ်ချုပ်ရေး** |
| ၁ | SOE **ဥပဒေ မွမ်းမံပြင်ဆင်ခြင်း** |
| ၂ | **သစ်တောမူဝါဒ မွမ်းမံပြင်ဆင်ခြင်း** |
| ၃ | **ရောင်းချမှုလုပ်ငန်းစဉ်ထိရောက်မှုအား တိုးတက်ကောင်းမွန်အောင်ပြုလုပ်ခြင်း** |
| ၄ | **သစ်ရောင်းချရမှု အချက်အလက်များ ထုတ်ဖော်အသိပေးခြင်းအား တိုးတက်ကောင်းမွန်အောင် ပြုလုပ်ခြင်း** |
| | EITI **အကောင်အထည်ဖော်ခြင်း** |
| ၅ | **အချက်အလက်စုဆောင်းခြင်းအား တိုးတက်ကောင်းမွန်အောင် ပြုလုပ်ခြင်း** |
| ၆ | **တင်ပို့မှုအချက်အလက်များ တိကျစေရန် တိုးတက်ကောင်းမွန်အောင်ပြုလုပ်ခြင်း** |

ပထမနှင့် ဒုတိယအစီရင်ခံစာတွင် ဖော်ပြခဲ့သော ယခင်အကြံပြုချက်များ၏ အကောင်အထည်ဖော်မှု များအပေါ် နောက်ဆက်တွဲ စစ်ဆေးခြင်းများအား အောက်ပါ ဇယား၈ နှင့် ပုံ ၉ တွင် ဖော်ပြထားသည်။

***ဇယား ၈- ယခင်အကြံပြုချက်များ၏ အကောင်အထည်ဖော်မှုများအပေါ် နောက်ဆက်တွဲ စစ်ဆေးခြင်း***

| စဉ် | အကြံပြုချက်များ | အကောင်အထည်ဖော်မှု အခြေအနေ |
|---|---|---|
| | သစ်တောကဏ္ဍမှ ဝင်ငွေများအား စီမံအုပ်ချုပ်ခြင်း | |
| ၁။ | အခွန်ပေးသွင်းသူ၏ ကိုယ်ပိုင်မှတ်ပုံတင်နံပါတ်မရှိခြင်း | တစ်စိတ်တစ်ပိုင်း အကောင်အထည်ဖော်ပြီး |
| ၂။ | သစ်တောကဏ္ဍမှ ဝင်ငွေများအား ခွဲဝေသည့်စနစ်အရင်းအမြစ်မရှိခြင်း | အကောင်အထည် ဖော်ဆောင်မှု မရှိသေး |
| ၃။ | သစ်တောကဏ္ဍနှင့်သစ်တောကဏ္ဍမှမဟုတ်သော ဝင်ငွေများအကြားခွဲခြားနိုင်မှုမရှိခြင်း | အကျုံးဝင်ခြင်း မရှိတော့ပါ |
| | သစ်တောကဏ္ဍမှ စီမံအုပ်ချုပ်မှု | |
| ၄။ | သစ်တောကုန်သွယ်မှုနှင့် ၎င်းနောက်ဖြစ်စဉ်များအား မသိရှိခြင်း | တစ်စိတ်တစ်ပိုင်း အကောင်အထည်ဖော်ပြီး |
| ၅။ | စည်းမျဉ်းမူဘောင်များနှင့် ဥပဒေ အသက်ဝင်စေမှု | တစ်စိတ်တစ်ပိုင်း အကောင်အထည်ဖော်ပြီး |
| ၆။ | MTE၏ စီမံအုပ်ချုပ်မှုဆိုင်ရာ တိုးတက်မှု | တစ်စိတ်တစ်ပိုင်း အကောင်အထည်ဖော်ပြီး |
| | EITI ဆိုင်ရာ အကောင်အထည်ဖော်မှု | |
| ၇။ | လိုင်စင်မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက်အစီအရင်ခံမှုများ ပြည့်စုံမှု | အကျုံးဝင်ခြင်း မရှိတော့ပါ |
| ၈။ | စာချုပ်ချုပ်ခွင့်ပြုမှု | အကျုံးဝင်ခြင်း မရှိတော့ပါ |
| ၉။ | လုပ်သားအင်အား အချက်အလက်များအား အစီရင်ခံမှု မရှိခြင်း | တစ်စိတ်တစ်ပိုင်း အကောင်အထည်ဖော်ပြီး |
| ၁၀။ | စီမံကိန်းအဆင့်လိုက် အစီရင်ခံတင်ပြမှု မရှိခြင်း | အကောင်အထည်ဖော်ပြီး |
| ၁၁။ | EITI အစီရင်ခံမှုဆိုင်ရာ စည်းမျဉ်းများ | အကောင်အထည် ဖော်ဆောင်မှု မရှိသေး |

***ပုံ ၉- ယခင်အကြံပြုချက်များ၏ အကောင်အထည်ဖော်မှုများအပေါ် နောက်ဆက်တွဲ စစ်ဆေးခြင်း***



အကျုံးဝင်ခြင်း မရှိတော့ပါ

အကောင်အထည်ဖော်ပြီး

အကောင်အထည် ဖော်ဆောင်မှု မရှိသေးပါ

ငွေးတွေ့ရှိချက်များနှင့် သက်ဆိုင်သည့် အကြံပြုချက်များအား ဤအစီရင်ခံစာ၏ ကဏ္ဍ ၆တွင် အသေးစိတ်ဖော်ပြထားသည်။

# ၂၀၁၆-၂၀၁၇ အစီအရင်ခံစာ

## ၁။ အစီအရင်ခံစာ အနှစ်ချုပ်

ဤအစီအရင်ခံစာသည် တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းသာမှု ဖော်ဆောင်ရေး (EITI) အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ တစိတ်တဒေသအနေဖြင့် မြန်မာနိုင်ငံရှိ သစ်တောကဏ္ဍမှ ရရှိသည့် အခွန်နှင့် အခွန်မဟုတ်သော ဝင်ငွေများ စာရင်းတိုက်ဆိုင် စစ်ဆေးခြင်းနှင့် ပတ်သက်သည့် အချက်အလက်များကို အကျဉ်းချုပ် ဖော်ပြထား ပါသည်။ ထို့အပြင် ဤအစီအရင်ခံစာတွင် MTE မှာ နိုင်ငံတော် ဘတ်ဂျက်စာရင်းသို့ လွှဲပြောင်းပေးသည့် ငွေကြေး စီးဆင်းမှုများအား တိုက်ဆိုင်စစ်ဆေးခြင်း လည်း ပါဝင်သည်။

## ၁.၁ သစ်တော ကဏ္ဍမှ ရရှိသည့် ဝင်ငွေ

၂၀၁၆- ၁၇ ဘဏ္ဍာနှစ်အတွင်း သစ်တောကဏ္ဍမှ ရရှိသည့် ဝင်ငွေ စုစုပေါင်းမှာ မြန်မာငွေ ကျပ် ၄၈၀ ဘီလီယံ (သို့မဟုတ် အမေ ရိကန်ဒေါ်လာ ၃၈၁ သန်း) ဖြစ်သည်။ သစ်တောကဏ္ဍမှ ရရှိသော ဝင်ငွေမှာ အဓိကအားဖြင့် သစ်မှ ရရှိခြင်းဖြစ်သည်။ သစ် မဟုတ် သော သစ်တောထွက် ပစ္စည်းများ (Non Timber Forest Products - NTFP) မှ ရရှိသော ဝင်ငွေမှာ ၁% အောက်တွင်သာ ရှိသည်။

ယင်း ဝင်ငွေ စီးဆင်းမှုများ၏ အသေးစိတ်ကို အောက်ပါ ဇယား ၃တွင် ဖော်ပြထားသည်။

ဇယား ၃ - ကဏ္ဍအလိုက် မြန်မာ့ သစ်တော ဝင်ငွေများ (၂၀၁၆-၁၇ ဘဏ္ဍာနှစ်) Table 3

| ဝင်ငွေ စီးဆင်းမှု | တိုက်ဆိုင်စစ်ဆေးခြင်း အခြေအနေ | မည်သူမှ ပေးသည် | မည်သူ့ကို ပေးသည် | စုစုပေါင်း ကျပ်ငွေ ဘီလီယံ | မြန်မာအမေရိကန် သန်းပေါင်း | ဒေါ်လာ% |
|---|---|---|---|---|---|---|
| ဝင်ငွေခွန် (IT) | တိုက်ဆိုင် စစ်ဆေးပြီး | MTE | IRD | ၁၉.၇၆ | ၁၅.၆၈ | ၄.၁၂% |
| နိုင်ငံတော် ထည့်ဝင်မှု (SC) | တိုက်ဆိုင် စစ်ဆေးပြီး | MTE | TD | ၁၅.၈၁ | ၁၂.၅၄ | ၃.၂၉% |
| ကုန်သွယ်လုပ်ငန်းခွန် (CT) | တိုက်ဆိုင် စစ်ဆေးပြီး | MTE | IRD | ၂၄.၇၁ | ၁၉.၆၀ | ၅.၁၅% |
| အထူး ကုန်စည်ခွန် (SGT) | တိုက်ဆိုင် စစ်ဆေးပြီး | MTE | IRD | ၅၀.၇၅ | ၄၀.၂၆ | ၁၀.၅၇% |
| ခိုင်ကြေး (Royalties) | တိုက်ဆိုင် စစ်ဆေးပြီး | MTE | FD | ၅.၇၈ | ၄.၅၉ | ၁.၂၀% |
| အခြား ဝင်ငွေများ | တဖက်သတ် ထုတ်ဖော်ခြင်း | ပုဂ္ဂလိက | FD | ၂.၃၉ | ၁.၈၉ | ၀.၅၀% |
| အမြတ် ဝေစုများ | တိုက်ဆိုင် စစ်ဆေးပြီး | FPJVC | FD | ၀.၀၃ | ၀.၀၂ | ၀.၀၁% |
| သစ်မှ ရသော ဝင်ငွေများ | | | | ၁၁၉.၂၂ | ၉၄.၅၈ | ၂၄.၈၄% |
| NTFP နှင့် အခြားမှ ရသော ဝင်ငွေများ | တဖက်သတ် ထုတ်ဖော်ခြင်း | ပုဂ္ဂလိက | FD | ၃.၆၆ | ၂.၉၀ | ၀.၇၆% |
| | | ကဏ္ဍခွဲအလိုက် | | ၁၂၂.၈၉ | ၉၇.၄၈ | ၂၅.၆၀% |

| စုစုပေါင်း ၁ | | | | | |
|---|---|---|---|---|---|
| အမေရိကန်ဒေါ်လာဖြင့် ရောင်းချရငွေ စုစုပေါင်း (နိုင်ငံခြား တင်ပို့မှု အတွက်) | တဖက်သတ် ထုတ်ဖော်ခြင်း ပုဂ္ဂလိက | MTE | ၂၃၀.၇၇ | ၁၈၃.၀၆ | ၄၈.၀၇% |
| မြန်မာငွေဖြင့် စုစုပေါင်း (ပြည်တွင်း အတွက်) | ရောင်းချရငွေတဖက်သတ် ထုတ်ဖော်ခြင်း ပုဂ္ဂလိက | MTE | ၁၂၆.၄၀ | ၁၀၀.၂၇ | ၂၆.၃၃% |
| | ကဏ္ဍခွဲအလိုက် စုစုပေါင်း ၂ | | ၃၅၇.၁၇ | ၂၈၃.၃၃ | ၇၄.၄၀% |
| | | စုစုပေါင်း | ၄၈၀.၀၅ | ၃၈၀.၈၁ | ၁၀၀.၀၀% |

*သတင်း အရင်းအမြစ်: EITI အချက်အလက်များ.*

စာရင်း တိုက်ဆိုင်စစ်ဆေးခြင်းသည် အောက်ဖော်ပြပါ အစီအရင်ခံစာ အခန်း ၅.၁.၁ တွင် အသေးစိတ် ဖော်ပြထားသည့် သစ်တော ကဏ္ဍမှ အစိုးရ လက်ခံရရှိသည့် ဝင်ငွေ စုစုပေါင်း၏ ၉၅% ကို လွှမ်းခြုံမိပါသည်။ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်း အခွန် ဦးစီးဌာန (IRD) နှင့် ငွေတိုက် ဦးစီးဌာန (TD) တို့သည် ၉၀% ထက်ပိုသော ဝင်ငွေများ လက်ခံရရှိသည်ဟု EITI ကိန်းဂဏန်းများက ဖော်ပြနေသည်။

၂၀၁၄-၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွင်း ပျမ်းမျှ တိုးတက်မှု ထပ်တိုးနှုန်း (CAGR) ၁၄% အနုတ်ပြနေပြီး သစ်တော ကဏ္ဍမှ ရရှိသော ဝင်ငွေများမှာ ၂၀၁၄-၁၅ ဘဏ္ဍာနှစ် ကတည်းက ဆက်တိုက် ကျဆင်းနေသည်။

အောက်ပါ ဇယား ၄နှင့် ပုံ ၄တွင် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အကြား သစ်တောကဏ္ဍမှ ရရှိသော ဝင်ငွေများ၏ ဆင့်ကဲ ပြောင်းလဲလာမှုကို ဖော်ပြထားသည်။

ဇယား ၄ - သစ်တောကဏ္ဍမှရရှိသည့် ဝင်ငွေများ၏ ဆင့်ကဲပြောင်းလဲလာပုံ (၂၀၁၄-၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အထိ)

| သစ်တောကဏ္ဍမှ ရရှိသည့် ဝင်ငွေစုစုပေါင်း | ၂၀၁၆-၁၇ | ၂၀၁၅-၁၆ | ၂၀၁၄-၁၅ | CAGR (၂၀၁၄-၁၅ မှ ၂၀၁၆-၁၇ ထိ) |
|---|---|---|---|---|
| မြန်မာကျပ်ငွေ ဘီလီယမ်ဖြင့် | ၄၈၀.၀၅ | ၅၈၄.၉၄ | ၆၅၅.၁၇ | -၁၄.၁၄% |
| ငွေလဲနှုန်း အမေရိကန်ဒေါ်လာ/မြန်မာငွေကျပ် | ၁၂၆၀.၆၀ | ၁၂၂၃.၅၈ | ၉၉၅.၂၆ | ၁၂.၅၄% |
| အမေရိကန်ဒေါ်လာ မီလီယမ်ဖြင့် | ၃၈၀.၈၁ | ၄၇၈.၀၆ | ၆၅၈.၂၉ | -၂၃.၉၄% |

*ပုံ ၄- သစ်တောကဏ္ဍမှ ရရှိသည့် ဝင်ငွေများ၏ ဆင့်ကဲ ပြောင်းလဲလာပုံ (၂၀၁၄-၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၆-၁၇ ဘဏ္ဍာနှစ် အထိ) (ကိန်းဂဏန်းများအား မြန်မာကျပ်ငွေဖြင့် ဖော်ပြထားသည်)*



## ၁.၂ မြန်မာ့ စီးပွားရေးအတွက် အထောက်အပံ့ပေးမှု

၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ပြည်တွင်း အသားတင် ထုတ်လုပ်မှု တန်ဖိုး (GDP)၊ နိုင်ငံတော် ဝင်ငွေများ၊ ပို့ကုန်နှင့် အလုပ်အကိုင် ရရှိမှုတို့ အတွက် သစ်တော်ကဏ္ဍ၏ အထောက်အပံ့ပေးမှုကို အောက်ပါ ပုံ ၅ တွင် ဖော်ပြထားပါသည်။ အသေးစိတ် အချက်အလက် များကို အစီ အရင်ခံစာ အပြည့်အစုံ၏ အခန်း ၃.၁.၄ တွင် ဖော်ပြထားသည်။

ပုံ (၅ ) သစ်တော ကဏ္ဍအတွက် ကြီးမားကျယ်ပြန့်သော နိုင်ငံတခုလုံး စီးပွားရေးဆိုင်ရာ ညွှန်းကိန်းများ (၂၀၁၆ - ၁၇ ဘဏ္ဍာနှစ်)[5]




**၀.၁%** **၁%**

**၅.၇%** **၀.၃%**

5 [5]သတင်းရင်းမြစ် - CSO နှင့် EITI အချက်အလက်များ

အလုပ်အကိုင် ရရှိမှုအတွက် သစ်တောကဏ္ဍ၏ အထောက်အပံ့ နည်းသော်လည်း လူဦးရေ ၈၅% သည် ချက်ပြုတ်ရန် ထင်းနှင့် မီးသွေး အပေါ် မှီခိုနေကြပြီး မြေပြန့်ဒေသများတွင် နေထိုင်နေကြသော လူဦးရေ ၄၂% ခန့်သည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း မှုများအတွက် သစ်တောများကို မှီခိုနေရဆဲဖြစ်သောကြောင့် ဤသည်ကို အသားပေး ဖော်ပြရကျိုးနပ်သည်။

## ၁.၃ သစ်ထုတ်လုပ်မှု

မြန်မာ့သစ်လုပ်ငန်း (MTE) သည် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွင်း ကျွန်းသစ် ၁၂၄၇ ကုဗတန်နှင့် သစ်မာ ၉၅၈၇ ကုဗတန်ကို ထုတ်လုပ်ခဲ့ သည်။ ယင်း ကိန်းဂဏန်းများသည် MTE ၏ ထိန်းချုပ်မှု ပြင်ပတွင် ရှိသော တရားမဝင် သစ်ထုတ်လုပ်မှု မပါဝင်သည်ကို ဖော်ပြရကျိုးနပ်သည်။ (ဖမ်းဆီးရမိထားသော၊ မသိရှိနိုင်သော ပမာဏများ)

အစီအရင်ခံစာ အပြည့်အစုံ၏ အခန်း ၃.၁.၆ တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် သစ်ထုတ်လုပ်မှုကို အသေးစိတ် ဖော်ပြထားသည်။ အစီ အရင်ခံစာ၏ နောက်ဆက်တွဲ ၁ တွင် အသေးစိတ်ဖော်ပြထား သကဲ့သို့ မြန်မာနိုင်ငံသည် အခြား အသေးစား သစ်တော ထွက်ကုန်များ ကိုလည်း ထုတ်လုပ်လျက်ရှိသည်။

## ၁. ၄ သစ်ရောင်းချမှု

MTE ၏ အချက်အလက်များအရ ၂၀၁၆-၁၇ ခုနှစ် အတွင်း သစ်ရောင်းချမှုသည် အမေရိကန်ဒေါ်လာ ၂၈၃သန်း တန်ဖိုးရှိသည်။

သစ်ရောင်းချမှု ၆၅% နီးပါးသည် အမေရိကန် ဒေါ်လာဖြင့် ရောင်းချရကြောင်း အောက်ပါ ဇယား ၅ နှင့် ပုံ ၆ တို့တွင် ဖော်ပြထားသည်။

*ဇယား (၅) သစ်ရောင်းချမှု (၂၀၁၆-၁၇ ဘဏ္ဍာနှစ်)*

| ရောင်းချမှုများ | အမေရိကန် ဒေါ်လာ သန်း | % |
|---|---|---|
| | | ၆၄.၆၁% |
| အမေရိကန်ဒေါ်လာဖြင့် ရောင်းချမှု (နိုင်ငံခြား တင်ပို့မှု အတွက်) | ၁၈၃.၀၆ | ၃၅.၃၉% |
| မြန်မာကျပ်ငွေဖြင့် ရောင်းချမှု (ပြည်တွင်း အတွက်) | ၁၀၀.၂၇ | **၁၀၀.၀၀%** |

*ပုံ (၆) သစ်ရောင်းချမှု (၂၀၁၆-၁၇ ဘဏ္ဍာနှစ်)*




အောက်ပါ ပုံ ၇ တွင် ပြီးခဲ့သည့် ဘဏ္ဍာနှစ် သုံးနှစ်တလျှောက် ပျမ်းမျှ တိုးတက်မှု ထပ်တိုးနှုန်း (CAGR) ၁၆% အနှုတ်ပြနေမှုနှင့်အတူ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်ကတည်းက သစ်ရောင်းချမှု ကျဆင်းမှုကို ဖော်ပြထားသည်။

ပုံ (၇) သစ်ရောင်းချမှု ဆင့်ကဲ ပြောင်းလဲလာပုံ (၂၀၁၄/၁၅ မှ ၂၀၁၆/၁၇) ကိန်းဂဏန်းများကို အမေရိကန်ဒေါ်လာဖြင့်

ဖော်ပြထားသည်




အခြား သစ်ရောင်းချမှုနှင့် ပတ်သက်သော အသေးစိတ် အချက်အလက်များကို အစီအရင်ခံစာ အပြည့်အစုံ၏ အခန်း ၃.၁.၇ တွင် ဖော်ပြထားပါသည်။

## ၁.၅ သစ် တင်ပို့မှု

ဗဟိုစာရင်းအင်းအဖွဲ့ (CSO) က ထုတ်ပြန်ထားသည့် အချက်အလက်များအရ ၂၀၁၆-၁၇ ဘဏ္ဍာနှစ် အတွင်း သစ်တင်ပို့မှု အမေရိကန် ဒေါ်လာ ၁၁၈ သန်း တန်ဖိုးရှိပြီး ထိုအထဲမှ အမေရိကန်ဒေါ်လာ ၃၅ သန်း (၃၀%) သည် အိန္ဒိယသို့ တင်ပို့ရောင်းချခြင်း ဖြစ်သည်။

အောက်ပါ ပုံ (၈) တွင် ၂၀၁၄-၁၅ ဘဏ္ဍာနှစ် ကတည်းက သစ်တင်ပို့မှု ဆင့်ကဲ ပြောင်းလဲလာမှုကို ဖော်ပြထားပါသည်။

ပုံ (၈) သစ် တင်ပို့မှု ( ၂၀၁၄/၁၅ မှ ၂၀၁၆/ ၁၇ ဘဏ္ဍာနှစ်) (အမေရိကန် ဒေါ်လာ သန်း )




အခြား သစ်တင်ပို့မှုနှင့် ပတ်သက်သော အသေးစိတ် အချက်အလက်များကို အစီအရင်ခံစာ အပြည့်အစုံ၏ အခန်း ၃.၁.၄ တွင် ဖော်ပြထားပါသည်။

## ၁. ၆ အချက်အလက်များ ပြည့်စုံမှုနှင့် ယုံကြည်စိတ်ချရမှု

### ၁.၆.၁ အချက်အလက်များ တင်ပြခြင်း

တိုက်ဆိုင်စစ်ဆေးမှု စာရင်းတွင် ပါဝင်သော ကုမ္ပဏီများနှင့် အစိုးရ အေဂျင်စီများသည် အစီအရင်ခံမှု လမ်းညွှန်ချက်များနှင့်အညီ MSG မှ သတ်မှတ်ထားသည့် နောက်ဆုံးရက် မတိုင်မီအတွင်း ၎င်းတို့၏ အစီအရင်ခံမှု ဖြည့်သွင်းရန် ပုံစံ (RT) များကို တင်ပြခဲ့ပြီး ဖြစ်သည်။

### ၁.၆.၂ ယုံကြည်စိတ်ချရမှုနှင့် တင်ပြထားသည့် အချက်အလက်များ

**ရွေးချယ်ထားသော ကုမ္ပဏီများ**

MSG က ဆုံးဖြတ်သည့် အတိုင်း RT များအား ကုမ္ပဏီ၏ သက်ဆိုင်ရာ တာဝန်ရှိသူက အတည်ပြုပေးသင့်ပြီး အသေးစိတ် ငွေပေးချေမှု များအား စာရင်းစစ် အစီအရင်ခံစာ မိတ္တူနှင့် တပါတည်း တင်ပြရမည်။ သို့ဖြစ်၍ FPJVC သည် သဘောတူထားသည့် လမ်းညွှန်ချက် များအတိုင်း လိုက်ပါ ဆောင်ရွက်ရမည်။

**အစိုးရ အေဂျင်စီများ**

MTE အပါအဝင် အစိုးရ အေဂျင်စီများနှင့် ပတ်သက်ပြီး RT များအား သက်ဆိုင်ရာ တာဝန်ရှိသူက လက်မှတ်ထိုးပေးသင့်ပြီး ပြည်ထောင် စု စာရင်းစစ်ချုပ်ရုံး (OAG) မှ အတည်ပြုပေးထားသည့် ပေးချေမှု အသေးစိတ်များကို ပူးတွဲ တင်ပြရမည်။

အစိုးရ အေဂျင်စီများ အားလုံးသည် အသေးစိတ် ပေးချေမှုများ ပါဝင်သည့် လက်မှတ်ထိုးထားပြီးသော RT များကို တင်ပြခဲ့ကြသည်။

MTE နှင့် အခြား အစိုးရ အေဂျင်စီများအားလုံးမှ တင်ပြထားသော RT များကို OAG မှ မှန်ကန်ကြောင်း အတည်ပြုပေးခဲ့သည်။

### ၁. ၆. ၃ အကျဉ်းချုပ်

ကျွန်ုပ်တို့သည် အစီအရင်ခံ တင်ပြသူများ တင်ပြထားသော ကိန်းဂဏန်းများနှင့် အာမခံချက်များအပေါ်တွင်သာ မူတည်သော ကိန်း ဂဏန်းများကို စာရင်း မစစ်ခဲ့ပါ။ FPJVC က ၂၀၁၆-၁၇ ဘဏ္ဍာနှစ် အတွက် ၎င်း စာရင်းစစ်ထားသော ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်း မိတ္တူ ကို တင်ပြခဲ့သည်။

ကုမ္ပဏီများ၊ MTE နှင့် အစိုးရ အေဂျင်စီများမှ တိုက်ဆိုင်စစ်ဆေးထားသည့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ၏ လွှမ်းခြုံ ပြည့်စုံ မှုနှင့် ယုံကြည်စိတ်ချရမှုတို့အပေါ် နောက်ဆုံး အကဲဖြတ် ဆန်းစစ်မှုမှာ စိတ်ကျေနပ်စရာကောင်းသည်ဟု ကျွန်ုပ်တို့ ကောက်ချက်ချပါ သည်။

## ၁.၇ တိုက်ဆိုင်စစ်ဆေးခြင်း ရလဒ်များ အကျဉ်းချုပ်

ဝင်ငွေခွန်၊ နိုင်ငံတော် ထည့်ဝင်မှု၊ အမြတ်ဝေစုများကို တိုက်ဆိုင်စစ်ဆေးခဲ့ပြီး ကိန်းဂဏန်းများက သဘောတူညီပြီး ပြင်ဆင်ချက်များ လိုအပ်သည်ဟု မယူဆပါ။ သို့သော်လည်း မြန်မာငွေကျပ် ၅.၈၂ ဘီလီယံ (သို့မဟုတ် အမေရိကန်ဒေါ်လာ ၄.၆၂ သန်း) တန်ဖိုးရှိသော SGT၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် သစ်တောခွန်များ ခိုင်ကြေးများနှင့် ပတ်သက်ပြီး ပြင်ဆင်ချက် အချို့ကို ကျွန်ုပ်တို့ ပြုလုပ်ခဲ့ပါသည်။ အောက်ပါ ဇယား ၆ တွင် အသေးစိတ် ဖော်ပြထားသကဲ့သို့ ပေးချေမှုများကို အပြည့်အဝ တိုက်ဆိုင်စစ်ဆေးထားပါသည်။

ဇယား (၆) တိုက်ဆိုင်စစ်ဆေးခြင်း ပြင်ဆင်မှုများ (၂၀၁၆/၁၇ ဘဏ္ဍာနှစ်)

မြန်မာကျပ်ငွေ ဘီလီယံဖြင့်

| ကိန်းဂဏန်းများ | MTE နှင့် FPJVC | IRD၊ TD နှင့် FD | ခြားနားချက် | % |
|---|---|---|---|---|
| ကနဦး | ၁၁၆.၈၄ | ၁၂၂.၆၆ | -၅.၈၂ | -၄.၇၅% |
| IA ပြင်ဆင်ချက်များ | ၀.၀၀ | -၅.၈၃ | ၅.၈၂ | -၉၉.၉၅% |
| နောက်ဆုံးရလဒ် | ၁၁၆.၈၄ | ၁၁၆.၈၄ | ၀.၀၀ | ၀.၀၀% |

*သတင်းရင်းမြစ်*
*- EITI အချက်အလက်များ*

# ၁.၈ တွေ့ရှိချက်များနှင့် အကြံပြုချက်များ

ကျွန်ုပ်တို့သည် တွေ့ရှိချက် ၆ ချက်ကို ဖော်ပြထားပြီး မြန်မာနိုင်ငံ၏ EITI လုပ်ငန်းစဉ်နှင့် ဝင်ငွေ စီမံခန့်ခွဲမှု တိုးတက်စေရန် အမြင်ဖြင့် အကြံပြုချက်များ ပြုလုပ်ထားပါသည်။ အောက်ပါ ဇယား ၇ တွင် ကျွန်ုပ်တို့ တင်ပြ ထားသည့် အကြံပြုချက်များကို ဖော်ပြထားသည်။

ဇယား (၇) အကြံပြုချက် အသစ်များ

| စဉ် | အကြံပြုချက်များ |
|---|---|
| | သစ်တောကဏ္ဍ၏ စီမံခန့်ခွဲမှု |
| ၁ | SOE ဥပဒေ ကို ပြုပြင် ပွမ်းမံရန် |
| ၂ | သစ်တော မူဝါဒကို ပြုပြင်မွမ်းမံရန် |
| ၃ | ရောင်းချမှု လုပ်ငန်းစဉ်၏ စွမ်းဆောင်နိုင်မှုကို တိုးတက်စေရန် |
| ၄ | ရောင်းချမှု အချက်အလက်များအား ထုတ်ဖော်ခြင်းကို တိုးတက်စေရန် |
| | EITI အကောင်အထည်ဖော်ဆောင်ရွက်မှု |
| ၅ | အချက်အလက် ကောက်ယူခြင်းကို တိုးတက်စေရန် |

အောက်ပါ ဇယား ၈ နှင့် ပုံ ၉တွင် ပထမနှင့် ဒုတိယ အစီအရင်ခံစာများတွင် ဖော်ပြခဲ့သော ယခင် အကြံပြုချက်များ အကောင်အထည် ဖော်ဆောင်ရွက်ခြင်း နောက်ဆက်တွဲ အခြေအနေကို ဖော်ပြထားသည်။

ဇယား ၈ - ယခင် အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှု နောက်ဆက်တွဲ အခြေအနေ

| စဉ် | အကြံပြုချက်များ | အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေ |
|---|---|---|
| | သစ်တော ကဏ္ဍမှ ရရှိသည့် ဝင်ငွေများအား စီမံ အုပ်ချုပ်မှု | |
| ၁ | အခွန်ပေးသွင်းသူ၏ ကိုယ်ပိုင်မှတ်ပုံတင်အမှတ်မရှိခြင်း | တစိတ်တပိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီး |
| ၂ | သစ်တောကဏ္ဍမှဝင်ငွေ ရရှိငွေကိုခွဲ ဝေသည့် စနစ်အရင်းအမြစ် မရှိခြင်း | အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း မရှိသေးပါ |
| | | |
| ၃ | သစ်တော ကဏ္ဍနှင့် သစ်တောကဏ္ဍမှမဟုတ်သော ဝင်ငွေများအကြားခွဲခြားနိုင်မှု မရှိခြင်း | အကျိုးဝင်ခြင်း မရှိတော့ပါ |
| | သစ်တောကဏ္ဍမှ စီမံအုပ်ချုပ် မှု | |
| ၄ | သစ်ကုန်သွယ်မှုနှင့် ၎င်းနောက် ဖြစ်စဉ်များကို မသိရှိနိုင်ခြင်း | တစိတ်တပိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီး |
| ၅ | စည်းမျဉ်း မူဘောင်နှင့် ဥပဒေ များ၏ အာဏာသက်ရောက် မှု | တစိတ်တပိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီး |
| ၆ | MTE ၏ စီမံ အုပ်ချုပ်မှု တိုးတက်မှု | တစိတ်တပိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီး |
| | EITI အကောင်အထည်ဖော်ဆောင်ရွက်မှု | |
| ၇ | လိုင်စင်မှတ်ပုံတင်ခြင်း အချက်အလက် အစီအရင်ခံမှု ပြည့်စုံမှု | အကျိုးဝင်ခြင်း မရှိတော့ပါ |
| ၈ | စာချုပ် ချုပ်ခွင့်ပြုမှု | အကျိုးဝင်ခြင်း မရှိတော့ပါ |
| ၉ | အလုပ်အကိုင် ဆိုင်ရာ အချက်အလက်အတွက် အစီအရင်ခံခြင်း မရှိခြင်း | တစိတ်တပိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီး |

| | | |
|---|---|---|
| ၁၀ | ပရောဂျက်အဆင့်အလိုက် အစီရင်ခံ တင်ပြမှုမရှိခြင်း | အကောင်အထည်ဖော် ဆောင်ရွက်ပြီး |
| ၁၁ | EITI အစီရင်ခံမှု စည်းမျဉ်း မရှိခြင်း | အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း မရှိသေးပါ |

*ပုံ (၉ ) ယခင် အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှု နောက်ဆက်တွဲ အခြေအနေ*




ဤ တွေ့ရှိချက်များနှင့် ဆက်စပ်သော အကြံပြုချက်များကို အစီအရင်ခံစာ အပြည့်အစုံ၏ အခန်း ၆တွင် အသေးစိတ် ဖော်ပြထားပါသည်။

Tim Woodward
မိတ်ဖက်

BDO LLP

ဧပြီလ ၁၄၊ ၂၀၂၀

55 Baker Street
လန်ဒန် W1U 7EU

United Kingdom

# ၂။အကြံပြုချက်များ

အောက်ပါအကြံပြုချက်များသည် ၂၀၁၆/၁၇နှင့် ၂၀၁၇/၁၈ ဘဏ္ဍာနှစ်များ၏ တတိယအကြိမ်နှင့် စတုတ္ထအကြိမ် EITI အစီရင်ခံစာများ ပြင်ဆင်ခြင်းအတွက် နယ်ပယ်သတ်မှတ်ခြင်းနှင့် စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်များ အတွင်း သတိပြုမိသော တွေ့ရှိချက်များနှင့် အားနည်းချက်များအပေါ် အခြေခံထားပါသည်။

ကျွန်ုပ်တို့အနေဖြင့် ပထမအကြိမ်နှင့် ဒုတိယအကြိမ် အစီရင်ခံစာများ ပြင်ဆင်ခြင်းအတွင်း ပြုလုပ်ခဲ့သည့် အကြံပြုချက်များအပေါ်၌လည်း ပြန်လည်သုံးသပ်တင်ပြထားပါသည်။

## ၂.၁.အကြံပြုချက်များ အသစ်များ

### ၂.၁.၁ သစ်တောကဏ္ဍ၏ စီမံခန့်ခွဲမှု

#### (က) SOE ဥပဒေအား မွမ်းမံပြင်ဆင်ခြင်း

လက်ရှိ SOE ဥပဒေသည်[6] နှစ်ပေါင်း (၃၀)ကျော်တိုင် တည်ရှိလာခဲ့ပြီးဖြစ်သည်။ သစ်တောကဏ္ဍအတွင်း တိုးတက်ပြောင်းလဲလာမှုများနှင့်အတူ ဆက်လက်အသုံးပြုနိုင်ရန်အတွက် အဆိုပါ ဥပဒေပြဋ္ဌာန်းချက်အား မွမ်းမံပြင်ဆင်ရန် သို့မဟုတ် ပြဋ္ဌာန်းချက်အသစ်တစ်ခုဖြင့် အစားထိုးအသုံးပြုရန်မှာ လွန်စွာအရေးကြီးသော လိုအပ်ချက်တစ်ခု ဖြစ်သည်။

SOE ဥပဒေ ပြင်ဆင်သတ်မှတ်ခြင်း၏ ရည်ရွယ်ချက်မှာ SOE များအား ပိုမိုထိရောက်မှုရှိစေရန်နှင့် ပိုမိုအကျိုးအမြတ်ရရှိစေရန်ဖြစ်သည်။ (သစ်တောကဏ္ဍအတွက် MTE)

**အကြံပြုချက်**

တရားမဝင် သစ်ခုတ်လှဲမှုများ ပပျောက်/ လျော့ကျစေရန် အခြားလုပ်ဆောင်နိုင်သည့် နည်းလမ်းများ ရှာဖွေ ခြင်း။ လက်ရှိ ဥပဒေပြဋ္ဌာန်းချက်တွင် သစ်တောဦးစီးဌာနမှ တရားမဝင်သစ်များ ဖမ်းဆီးရမိပါက ၎င်းတို့ကို ပြန်လည်ရောင်းချနိုင်သည်။ ဥပဒေအသစ်တွင် ထိုကဲ့သို့ ဖမ်းဆီးရမိခြင်းများအား လူမှုရေး စီမံကိန်းများ ဖြစ်သည့် စာသင်ကျောင်းများ၊ ဆေးရုံများ အစရှိသည်တို့တွင် အသုံးပြုရန် ပြဋ္ဌာန်းခြင်းတို့ဖြစ်သည်။ ဥပဒေအသစ်တွင် မြန်မာနိုင်ငံအတွင်း SOE များ၏ စီမံအုပ်ချုပ်မှုတိုးတက်လာစေရေးအား အရေးပေးသင့်သည်။ ထိုအရာအချို့မှာ-

- ဌာနတစ်ခုချင်းအလိုက် စီမံအုပ်ချုပ်မှုပုံစံနှင့် တာဝန်များအား သတ်မှတ်ခြင်း
- ကြိုတင်ပြင်ဆင်ထားရမည့် အဓိက ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများနှင့် Key Performance Indicator (KPI) များအား သတ်မှတ် ခြင်း။ အဆိုပါ အစီရင်ခံစာများအား လုပ်ငန်းဆောင်ရွက်မှုများနှင့်အညီ ပြည်သူလူထုသို့ ဖော်ထုတ်ပြသခြင်း

---

6 https://www.burmalibrary.org/docs၁၅/၁၉၈၉-SLORC_ဥပဒေ၁၉၈၉-၀၉-State-Owned_Enterprise_Act-en.pdf

- စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းအတွက် ရရှိနိုင်သော အချက်အလက်များ၏ ယုံကြည်စိတ်ချရမှုအား သေချာစေ ရန်အတွက် ရုံးတွင်းထိန်းချုပ်မှုများနှင့် ပြင်ပစာရင်းစစ် (external audits) များအား စီစဉ်ထားရှိခြင်း

**မြန်မာ့သစ်လုပ်ငန်း၏ သဘောထားသတ်မှတ်ချက်များ (၂၀၂၀ မတ်လ)**

မြန်မာ့သစ်လုပ်ငန်းအနေဖြင့် SOE ဥပဒေများအား ပြင်ဆင်သတ်မှတ်ခွင့်မရှိပါ။ မြန်မာ့သစ်လုပ်ငန်းသည် လက်ရှိ တည်ဆဲဥပဒေများ၊ မူဘောင်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် ထုတ်ပြန်ကြေငြာချက်များအား လက်ရှိတွင် လိုက်နာ လျက်ရှိသည်။ ထိုကဲ့သို့သော ပြင်ဆင်သတ်မှတ်ချက်များသည် ပြည်ထောင်စုအဆင့်တွင် လုပ်ဆောင်ရန် လိုအပ် သည်။

**နောက်ထပ် IA မှတ်ချက်**

ကျွန်ုပ်တို့အနေဖြင့် သင်တို့၏ သဘောထားမှတ်ချက်များအား မှတ်သားရယူထားသည်။ သို့ရာတွင် ကျွန်ုပ်တို့၏ အကြံပြုချက်များအား ဆက်လက်ထားရှိမည်။ NCS နှင့် MSG တို့မှနေ၍ ဤအကြံပြုချက်အား သင့်လျော်ရာ ဥပဒေပြဌာန်းရေးအဖွဲ့သို့ လက်ဆင့်ကမ်းပေးပို့သွားရန် တိုက်တွန်းသည်။

## (ခ) သစ်တောမူဝါဒအား မွမ်းမံပြင်ဆင်ခြင်း

၁၉၉၅ ခုနှစ်တွင် မြန်မာ့သစ်တောမူဝါဒအား သစ်တောဦးစီးဌာန (သစ်တောဝန်ကြီးဌာန) မှ ရေးဆွဲခဲ့ပြီး ၁၉၉၅ခုနှစ် ဇူလိုင်လ ၂၀ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၏ ဝန်ကြီးများအစည်းအဝေး (အမှတ် ၂၇/၉၅) တွင် အတည်ပြုခဲ့သည်။ ကျွန်ုပ်တို့အနေဖြင့် သစ်တောမူဝါဒအား FAO ၏ ကူညီပံ့ပိုးမှုများဖြင့် ပြင်ဆင်ရေးဆွဲထားသော လည်းတိုင်ပင်ဆွေးနွေးမှုဆိုင်ရာလုပ်ငန်းစဉ်များအား ကန့်သတ်ချက်များဖြင့်သာ လုပ်ဆောင်ခဲ့ရကြောင်းကို နားလည် ပါသည်။

သစ်တောမူဝါဒတွင် အခန်း (၆)ခန်း ပါဝင်သည်။ ၎င်းတို့မှာ ၁) ကာကွယ်ခြင်း၊ ၂) ထာဝစဉ်တည်တံ့စေခြင်း၊ ၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များဖြည့်ဆည်း ပေးခြင်း၊ ၄) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း ၊ ၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် ၆) ပြည်သူအတွင်းနိုးကြားထကြွသည့်အသိရှင်သန် နေစေခြင်း တို့ဖြစ်ကြသည်။ ၎င်းတို့သည် မြန်မာလူမျိုးများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ သာယာဝပြောမှုများအတွက် သစ်တောရေးရာအား ရေရှည်တည်တံ့ခိုင်မြဲ၍ ထဲထဲဝင်ဝင် စီမံခန့်ခွဲနိုင်ရေးအပေါ် ဦးတည်သည်။

လက်ရှိ သစ်တောမူဝါဒသည် နှစ်ပေါင်း (၂၅)နီးပါး တည်ရှိလာခဲ့ပြီးဖြစ်သည်။ မူဝါဒ အား မွမ်းမံပြင်ဆင်ရန် သို့မဟုတ် ပြဌာန်းချက်အသစ်တစ်ခုဖြင့် အစားထိုးအသုံးပြုရန်မှာ လွန်စွာအရေးကြီးသော လိုအပ်ချက်တစ်ခုဖြစ် သည်။

အမြဲတမ်း ပြောင်းလဲနေသည့် မှီတင်းနေထိုင်သူများ ရှိသည့်အလျောက် သစ်တောမူဝါဒသည်လည်း တစ်သတ်မှတ် တည်း တည်ရှိနေ၍ မဖြစ်နိုင်ပေ။ လူမှုနိုင်ငံရေး ပတ်ဝန်းကျင်အား ထည့်သွင်းစဉ်းစားနိုင်ရန်အပြင် လက်ရှိအသုံးပြု နေသည့် နည်းဗျူဟာများ၏ အားနည်းချက်များနှင့် အားသာချက်များအား လေ့လာသတ်မှတ်နိုင်ကာ နည်းဗျူဟာ အသစ်များဖော်ထုတ်သတ်မှတ်နိုင်စေရန်အတွက် သစ်တောမူဝါဒအားပြန်လည်သုံးသပ်၍အချိန်ကာလတစ်ခုရောက် တိုင်း ပြန်လည်ပြင်ဆင်ခြင်းအား ပြုလုပ်သင့်သည်။

### အကြံပြုချက်

မူဝါဒအသစ်/ ပြင်ဆင်ရေးဆွဲထားသည့် မူဝါဒသည် မြန်မာနိုင်ငံအတွင်းရှိ သစ်တောကဏ္ဍ၏ စီမံအုပ်ချုပ်မှု တိုးတက် စေရေးအား အလေးပေးသင့်သည်။ ၎င်းတွင် သစ်တောကဏ္ဍအတွင်း လက်တလော ပြောင်းလဲမှုများအား ထည့်သွင်း စဉ်းစားသင့်သည်။ ထိုအရာအချို့မှာ

- ၂၀၁၄ ခုနှစ် ဧပြီလမှ စတင်သည့် သစ်လုံး တင်ပို့ရောင်းချမှု ပိတ်ပင်ထားခြင်း
- နှစ်စဉ် ခွင့်ပြုထားသည့် ကျွန်းသစ်ခုတ်လှဲနိုင်သည့် အရေအတွက်အား ကျွန်းပင် ၂၀,၀၀၀ အောက်သို့ များစွာ လျှော့ချလိုက်ခြင်း
- မြန်မာ့သစ်လုပ်ငန်းအား ပြန်လည်ဖွဲ့စည်းသတ်မှတ်ထားခြင်း
- ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် သစ်ခုတ်လှဲမှု ပိတ်ပင်ထားခြင်းနှင့် ပဲခူးရိုးမအတွင်း ၁၀နှစ်တာ သစ်ခုတ်လှဲမှု ပိတ်ပင်တားမြစ်ထားခြင်း

ထို့အပြင် အစိုးရ၏ EU FLEGT-VPA လုပ်ငန်းစဉ်စတင်လှုပ်ရှားမှုမှ စေ့စပ် ညှိနှိုင်းမှုတွင် သစ်တောကဏ္ဍအတွင်း

ပွင့်လင်းမြင်သာမှုနှင့် လိုက်နာဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှုများ လိုအပ် သည်။ မြန်မာနိုင်ငံသည် REDD+ လုပ်ငန်းစဉ်တွင်လည်း ပါဝင်ပတ်သက်နေသည်။ အခြားတစ်ဖက်တွင်မူ သစ်တော ဆိုင်ရာအရင်းအမြစ်များအား ခေါင်းပုံဖြတ်အမြတ်ထုတ်နေမှုများ (တရားဝင်နှင့် တရားမဝင် သစ်ခုတ်လှဲမှု)နှင့် စီးပွား ဖြစ် လယ်ယာစိုက်ပျိုးရေး၊ သစ်မျိုးတစ်မျိုးတည်းစိုက်သော သစ်တော စိုက်ခင်းများ (ရာဘာပင်၊ ကျွန်းသစ်၊ ယူကလစ်ပင်) ချဲ့ထွင်ခြင်းများနှင့်လမ်းများ၊ ရေအားလျှပ်စစ်ဆည်များကဲ့သို့သော အခြေခံအဆောက်အအုံ တည်ဆောက်ရေး စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုများကြောင့် သစ်တောဧရိယာများ ခုတ်ထွင်ရှင်းလင်းမှုများမှာ မြင့်တက်လာနေ သည်။ အခြားကဏ္ဍများမှအားများ၊ အကြီးစား လယ်ယာစိုက်ပျိုးရေးများ၊ သစ်စိုက်ခင်းများနှင့် အခြားပတ်သက်နေသည့် မြေအသုံးပြုမှုပုံစံအား သတ္တုတူးဖော်ခြင်းအတွက် ပြောင်းလဲခြင်းများ၊ ကျေးလက်ဒေသများရှိ မြေလွတ်မြေရိုင်းများ၏ သုံးစွဲမှုပုံစံပြောင်းလဲမှု များပြားခြင်းများ၊ မြေပိုင်ဆိုင်မှုနှင့် အသုံးပြုမှုအပေါ် ပဋိပက္ခ ဖြစ်ပွားမှုများ မြင့်တက်လာခြင်းသည် မြန်မာ့သစ်တောများအပေါ် ဆိုးရွားစွာ အကျိုးသက်ရောက်နေသည့်အပြင် မြစ်ချောင်းများညစ်ညမ်းမှု၊ မြေပြင်အနေအထားများ ပျက်စီးမှု၊ မြေဆီလွှာ ညစ်ညမ်းမှုနှင့် လူသားများ၏ ကျန်းမာရေး အပေါ် ထိခိုက်မှုများမှာလည်း ကျယ်ပြန့်စွာ ဖြစ်ပေါ်နေသည်။

သစ်တောမူဝါဒတွင် ရေရှည်တည်မြဲနိုင်ရေးအပေါ် အခြေခံသည့် လူမှုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတစ်ခု အား ဖော်ဆောင်နိုင်ခွင့် အပါအဝင်သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် အခွင့်အလမ်းများအားလုံး ခြုံငုံပါဝင်နေသည့်အလျောက် ဖြစ်နိုင်သမျှ အကျိုးဆက်စပ်ပတ်သက်ပါဝင်သူများ မှနေ၍ ပြင်ဆင်ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းစဉ်တွင် ပါဝင်သင့်သည်။ ထို့မှတဆင့် ရည်မှန်းသည်မှာ နိုင်ငံတော်အစိုးရ အပါအဝင် သစ်တောကဏ္ဍအပေါ် စိတ်ဝင်စားသည့် ပါဝင်ပတ်သက်သူအားလုံးများအကြား သဘောတူညီမှု တစ်ခု ရယူနိုင်ရန် ဖြစ်သည်။

အမျိုးသားသစ်တောမူဝါဒတစ်ခုသည် အစိုးရမှနေ၍ တစ်ဖက်သက် ချမှတ်ထားရန် မသင့်ကြောင်းကို ၂၀၁၀ ခုနှစ် FAO ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။[7]

[7] http://www.fao.org/၃/i၁၆၇၉e/i၁၆၇၉e၀၀.pdf

## (ဂ) သစ်ရောင်းချခြင်း လုပ်ငန်းစဉ်၏ ထိရောက်မှုအား တိုးမြှင့်ခြင်း

ကျွန်ုပ်တို့အနေဖြင့် မြန်မာ့သစ်လုပ်ငန်းမှနေ၍ သစ်တိုက်ရိုက်ရောင်းချခြင်းများအား ရပ်ဆိုင်း၍ သစ်ရောင်းချမှုအားလုံးအား ယခုအခါတွင် အိတ်ဖွင့်တင်ဒါစနစ်များဖြင့်သာ ရောင်းချနေသည်ကို သိရှိနားလည်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့အနေဖြင့် အဆိုပါ တင်ဒါတနစ်ဖြင့် သစ်ရောင်းချမှုများသည် မြန်မာ့သစ်လုပ်ငန်း ဝက်ဘ်ဆိုဒ်နှင့် ပြည်တွင်းသတင်းစာများတွင်သာထည့်သွင်းကြေငြာသဖြင့်ဝယ်ယူနိုင်သူများအပေါ် ကန့်သတ်ချက်ထားသကဲ့သို့ ဖြစ်နေသည်။

### အကြံပြုချက်

မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ရောင်းချမှုဝင်ငွေများ တိုးမြှင့်လာစေရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်သင့်သည်။

- သစ်တောထွက်ပစ္စည်းများနှင့် ၎င်းတို့၏ အရည်အသွေးအဆင့်အလိုက် ဈေးနှုန်းသတ်မှတ်ချက်များ အားစောင့်ကြပ် ကြည့်ရှုခြင်းအားဖြင့် အချိန်ကြာလာသည်နှင့်အမျှ သစ်ရောင်းချမှုအား အနီးကပ်အရေးယူဆောင်ရွက်နိုင်စေခြင်း။ ဤသို့ပြုလုပ်ခြင်းအားဖြင့် အိတ်ဖွင့်တင်ဒါပြုလုပ်မည့်အချိန်ရောက်ရှိလာသောအခါ တွင် ဈေးကွက် အခြေအနေဖြင့် နှိုင်းယှဉ်၍ အနိမ့်ဆုံး ဈေးသတ်မှတ်ချက်အား စနစ်တကျ ပြင်ဆင်ချိန်ဆ နိုင်စေသည်။
- အိတ်ဖွင့်တင်ဒါခေါ်ယူသည့် နေ့ရက်များအား လူအများမှ အချိန်စောလင့်စွာ ကြိုတင် သိရှိစေနိုင် ရန်အတွက် ဆက်သွယ်မှုနည်းစနစ်များအား ပိုမိုကောင်းမွန်အောင် ပြုလုပ်ခြင်း။ အဆိုပါ သတင်း အချက် အလက်များအား လက်ရှိတွင် မြန်မာ့သစ်လုပ်ငန်း၏ အင်တာနက်စာမျက်နှာနှင့် နိုင်ငံတော်ပိုင် သတင်းစာ နှစ်စောင်တွင် ထုတ်ဝေဖြန့်ချိထားသည်။ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် အခြားသော ဆက်သွယ် မှုနည်းစနစ်များအား အသုံးပြုရန် ထည့်သွင်းစဉ်းစားသင့်သည်။ (ဥပမာ အီးမေးလ်များ၊ စာတိုပို့စနစ်များ၊ စသဖြင့်)
- အခြားအဖွဲ့အစည်းများမှ သက်ဆိုင်သူများ (ဥပမာ CSO များ၊ ကျွမ်းကျင်ပညာရှင်များ၊ စာနယ်ဇင်းသမားများ၊ စသည်) အား အိတ်ဖွင့်တင်ဒါခေါ်ယူသည့် ပွဲများသို့ ဖိတ်ကြား၍ ပွင့်လင်းမြင်သာမှုအား ပိုမိုကောင်းမွန်လာစေခြင်း

### မြန်မာ့သစ်လုပ်ငန်း၏ သဘောထားသတ်မှတ်ချက်များ (မတ်လ ၂၀၂၀)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းများအား အစိုးရသတင်းစာများတွင် ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ကြေငြာပြီး ဒေသဆိုင်ရာ အစိုးရ အဖွဲ့အစည်းများ၊ မြန်မာ့သစ်လုပ်ငန်း၊ သက်ဆိုင်ရာ ဒေသများ၊ သစ်ခွဲစက်များနှင့် အခြားတို့ထံ တင်ပြသည်။ အိတ်ဖွင့်တင်ဒါ ခေါ်ယူသည့်ပွဲများသို့ တက်ရောက်ရန် စိတ်ပါဝင်စားသည့် မည်သူမဆို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းထံမှ ခွင့်ပြုချက်တောင်းခံနိုင်သည်။

မြန်မာ့သစ်လုပ်ငန်း အနေဖြင့် အီလက်ထရောနစ်စာရွက်စာတမ်း စီမံခန့်ခွဲမှုစနစ် (Electronic Document Management System - EDMS)၊ အစိုးရ Government Personal Management (GPMS)၊ လူ့အရင်းအမြစ်စီမံခန့်ခွဲရေးစနစ် (Human Resources Management System - HRMS)၊ ယာဉ်နှင့် စက်သုံးဆီ စီမံခန့်ခွဲရေး စနစ် ၊ စာရင်းစစ်တမ်းထိန်းချုပ်မှုစနစ် နှင့် သစ်ထုတ်လုပ်မှုစနစ် (TES) တို့အား အသုံးပြုလျက်ရှိသည်။

အီးမေးလ်ဖြင့် ရုံးစာပေးပို့ကာ EDMSစနစ်တွင် သတင်းအချက်အလက်များ ထိန်းသိမ်းထားခြင်း၊ GPMS နှင့် HRMS

စနစ်တို့တွင် ဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်များအား မှတ်တမ်းတင် သိမ်းဆည်းထားခြင်း ယာဉ်နှင့် ကုန်ပစ္စည်းများ၏ သတင်းအချက်အလက်များအားလည်း စနစ်တကျ မှတ်တမ်းတင်ထားခြင်းများ ပြုလုပ်လျက်ရှိသည်။ အပလီကေးရှင်း(application)တွင် ထိုအချက်အလက်များအား ပြန်လည်ကြည့်ရှုနိုင်ပြီး e-Government စနစ်အား အကောင်အထည်ဖော်ရန် TES Softwareတွင် သစ်အရည်အသွေးနှင့်လိုက်၍ သစ်များအား မှတ်တမ်းတင် စာရင်းသွင်းထားသည်။ FLEGT VPA စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိုသစ်များ၏ ပိုင်ရှင်ပြောင်းလဲမှုနှင့် ခြေရာခံလိုက်မှုများအားလည်း ထည့်သွင်းအကောင်အထည်ဖော်ထားသည်။

MTLS လုပ်ထုံးလုပ်နည်းများနှင့်အညီသစ်အားတရားဝင်ကူးသန်းရောင်းဝယ်ရန်အတွက် MFCC နှင့် ပူးပေါင်း ဆောင်ရွက်ထားသည်။

**နောက်ထပ် IA မှတ်ချက်**

ကျွန်ုပ်တို့အနေဖြင့် သင်တို့၏ သဘောထားမှတ်ချက်များအား မှတ်သားရယူထားသည်။ သို့ရာတွင် ကျွန်ုပ်တို့၏ အကြံပြုချက်များအား ဆက်လက်ထားရှိမည်။ ကျွန်ုပ်တို့အနေဖြင့် မြန်မာ့သစ်လုပ်ငန်းသည် သစ်ရောင်းချမှုများအား ပစ္စည်းအရည်အသွေးအဆင့်ပေါ်လိုက်၍ အနီးကပ် စောင့်ကြပ်စစ်ဆေးမှုများ ပြုလုပ်သည်ရန် တိုက်တွန်းပါသည်။

## (ဃ) သစ်ရောင်းချမှုဆိုင်ရာ အချက်အလက်များ ထုတ်ဖော်ကြေငြာချက်အား ပိုမိုကောင်းမွန်အောင် ပြုလုပ်ခြင်း

နောက်ဆက်တွဲ (၆) တွင် သစ်ရောင်းချမှုများအား အောက်ပါခေါင်းစဉ်များအတိုင်း အသေးစိတ်ဖော်ပြထားသည်။

- ဝယ်ယူသည့် ကုမ္ပဏီ
- ကုန်ပစ္စည်း (ကျွန်းသစ်လုံး၊ ကျွန်းသစ်ခွဲသား၊ သစ်မာခွဲသား၊ သစ်မာခွဲသားနှင့် အခြား သစ်ခွဲသား များ၊ စသဖြင့်)
- အရေအတွက်နှင့်
- တန်ဖိုး

ကျွန်ုပ်တို့အနေဖြင့် မြန်မာ့သစ်လုပ်ငန်းသည် သစ်ရောင်းချမှုများအား ပစ္စည်းအရည်အသွေးအဆင့်ပေါ်လိုက်၍ စောင့်ကြပ်စစ်ဆေးမှုများ မပြုလုပ်သည်ကို နားလည်ပါသည်။

**အကြံပြုချက်**

မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ပိုမို၍ အသေးစိတ်သော အစီရင်ခံစာ ရရှိနိုင်ရန်အတွက် သစ်ရောင်းချမှုများအား ပစ္စည်းအရည်အသွေးအဆင့်ပေါ်လိုက်၍ ထုတ်ပြန်ကြေငြာရန် အားပေးပါသည်။ သို့မှသာလျှင် သစ်ထွက်ပစ္စည်းများ နှင့် ၎င်းတို့၏ အရည်အသွေးအဆင့်အလိုက် ဈေးနှုန်းသတ်မှတ်ချက် နည်းစနစ်များအား အနီးကပ်ကြီးကြပ်ဆောင်ရွက်မှုအား ပြုလုပ်နိုင်စေလိမ့်မည်။

# ၂.၁.၂ EITI အကောင်အထည်ဖော်မှု

## (က) အချက်အလက်ကောက်ယူမှုအား တိုးတက်ကောင်းမွန်အောင် ပြုလုပ်ခြင်း

အချက်အလက်ကောက်ယူမှုသည် မျှော်မှန်းထားသည်ထက် အချိန်ပိုကြာမြင့်လေ့ရှိသည်။ ထိုသို့ဖြစ်ရခြင်းအဓိက အကြောင်းအရင်းမှာ အစိုးရအဖွဲ့အစည်းများ အကြား၊ ဌာနတစ်ခုတည်းရှိ ဌာနတစ်ခုနှင့် တစ်ခုအကြားရှိ သတင်းအချက်အလက်များ ပေးပို့ဖလှယ်ရာတွင် ကွန်ပြူတာစနစ်မရှိသောကြောင့် ဖြစ်သည်။ ယခင်က အချက်အလက်များအား စာရွက်စာတမ်းဖြင့်သာ ကောက်ယူခဲ့ကြရသည်။

ဥပမာအချို့အနေဖြင့် ကျွန်ုပ်တို့သည် တူညီသော အချက်အလက်များ၏ မူကွဲပုံစံများစွာ လက်ခံရရှိပြီး တစ်ခုနှင့် တစ်ခုမတူညီကြပေ။ ထို့ကြောင့် လိုအပ်သော ပြင်ဆင်မှုများပြုလုပ်ရန် အချိန်ပိုမိုလိုအပ်ပြီး ထိုအချက်များတွင် သစ်ထုတ်လုပ်ရေးအချက်အလက်၊ သစ်ရောင်းချမှုစသည်တို့ ပါဝင်သည်။

ကုမ္ပဏီများ နှင့် အစိုးရ အဖွဲ့အစည်းများဖြစ်သော ပြည်တွင်းအခွန်ဦးစီးဌာန (IRD), သစ်တောဦးစီးဌာန (FD) နှင့် မြန်မာ့အကောက်ခွန်ဦးစီးဌာန (MCD) တို့အကြား ရှိ အချက်အလက်များအား ပြန်လည်ညှိနှိုင်းရာ၌ စိန်ခေါ်မှုများ ရှိပါသည်။ လွတ်လပ်သောစာရင်းတိုက်ဆိုင်စစ်ဆေးသူ (Independent Administrator - IA)၊ ကုမ္ပဏီများ၊ အစိုးရအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး (NCS) အဖွဲ့များပါဝင်သည့် ကွင်းဆင်းလေ့လာမှုများ မပြုလုပ်ပါက ပြန်လည်ညှိနှိုင်းမှုများ ပြုလုပ်ရန် မဖြစ်နိုင်ပါ။

### အကြံပြုချက်

EITI လုပ်ငန်းစဉ်များအား အရှိန်အဟုန်တိုးမြှင့်ရန်အတွက် အစိုးရ အဖွဲ့အစည်းများ နှင့် SOEsများအား ကွန်ပြူတာစနစ်သို့ ပြောင်းလဲအကောင်အထည်ဖော်ရန် အပြည့်အဝတိုက်တွန်းအပ်ပါသည်။

ယခုအချိန်အတောအတွင်းတွင် GOUMအနေဖြင့် အောက်ပါအချက်အလက်များ ပြုလုပ်ရန် လိုအပ်သည်။

- အချက်အလက်ကောက်ယူမှုအား တိုးတက်ကောင်းမွန်လာစေရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အတူတကွ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းခြင်း
- သတင်းအချက်အလက်အား စနစ်တကျပုံစံဖြင့် ကောက်ယူရန် အစိုးရအဖွဲ့အစည်းများနှင့် SOE တစ်ခုချင်းစီရှိ NCS အဖွဲ့များမှ ဗဟိုချက်အနေဖြင့် တာဝန်ပေးခန့်အပ်ခြင်း
- EITI ၏ လိုအပ်ချက်များအား ရှင်းလင်း၍ ပြောင်းလဲမှုများလုပ်ဆောင်နိုင်စေမည့် ရည်ရွယ်ချက်ဖြင့် (လိုအပ်ပါက IAမှ ပံ့ပိုးပေးခြင်းနှင့်အတူ) အစိုးရ အဖွဲ့အစည်းများ နှင့် SOEs တို့အတွက် အသေးစားအလုပ်ရုံ ဆွေးနွေးပွဲများအား စီစဉ်ပေးခြင်း

**သစ်တောဦးစီးဌာနမှ သဘောထားမှတ်ချက်များ (မတ်လ ၂၀၂၀)**

သစ်တောဦးစီးဌာနမှ EITI အစီရင်ခံစာအတွက် လိုအပ်သည့် အချက်အလက်အား ပံ့ပိုးခဲ့သည်။

**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (Budget Department - BD) ၏ သဘောထား မှတ်ချက်များ (ဧပြီလ ၂၀၂၀)**

ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုဒ်တွင် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (Budget Department - BD) အနေဖြင့် ပြည်ထောင်စုအစိုးရမှ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြ ခဲ့သည့် ဘတ်ဂျတ် အစီရင်ခံစာများဖြစ်သော မြန်မာ့ဘဏ္ဍာရေးဆိုင်ရာ အချက်အလက် အနှစ်ချုပ်၊ ဘတ်ဂျက်အဆို ပြုလွှာ အကျဉ်းချုပ်နှင့် ၎င်းတို့နှင့် သက်ဆိုင်ရာစာရွက်စာတမ်းများအား အများပြည်သူ ကြည့်ရှုနိုင်စေရန် ထုတ်ဖော် ပြသခဲ့သည်။ ဖော်ပြထားသော စာရွက်စာတမ်းများအား အောက်တွင် စာရင်းပြုစုဖော်ပြထားသည်။

က) ဘတ်ဂျက်ငွေ အနှစ်ချုပ် စာအုပ်

ခ) ဘတ်ဂျက်ငွေ နှင့် ဘတ်ဂျက်ငွေတောင်းခံလွှာများ

ဂ) ဝန်ကြီး၏ ဘတ်ဂျက်ငွေဆိုင်ရာ မိန့်ခွန်း

ဃ) ဘဏ္ဍာရေးရာ ကော်မရှင်၏ အတည်ပြုထောက်ခံချက်နှင့် ကောက်နုတ်ချက်

င) နိုင်ငံတော်ပိုင် စီးပွါးရေးလုပ်ငန်းများ၏(SEE’s)အမြတ်နှင့် အရှုံး၊ နှင့်

စ) ဘတ်ဂျက်ငွေ အကျဉ်းချုပ်

ထို့အပြင် ဘတ်ဂျက်ဥပဒေအား ထုတ်ပြန်ပြီးနောက်တွင် ပြည်သူများ ဘဏ္ဍာရေးဆိုင်ရာ အသိအမြင်များနိုးကြားစေရန် ဘဏ္ဍာနှစ် ၂၀၁၅/၁၆မှစ၍ ပြည်သူ့ရေးရာ ဘတ်ဂျက်အစီရင်ခံစာများအား နှစ်စဉ် ဝက်ဘ်ဆိုဒ်တွင် ထုတ်ဝေလျက်ရှိသည်။

ထိုဝက်ဘ်ဆိုဒ်တွင် သုံးလပတ် ဘတ်ဂျက်ငွေ အစီရင်ခံစာ၊ နှစ်ဝက် ဘတ်ဂျက်ငွေ အစီရင်ခံစာ၊ နှစ်ကုန် ဘတ်ဂျက်ငွေ အစီရင်ခံစာနှင့် နှစ်လယ် ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးမှုအစီရင်ခံစာတို့အားလည်း တင်ပြထားသည်။

BDအနေဖြင့် ဘတ်ဂျက်ငွေပုံစံအား အီလက်ထရောနစ်စနစ် ပြင်ဆင်ခဲ့ပြီး သက်ဆိုင်ရာ အစိုးရဌာနများအား လေ့ကျင့်သင်ကြားရေး အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးခဲ့သည်။

ဝန်ကြီးဌာန ဝက်ဘ်ဆိုဒ်တွင် ၆ နှစ်စာ ငွေကြေးဆိုင်ရာ သတင်းအချက်အလက်များအား GFS၏ ၂၀၁၄ခုနှစ် လက်စွဲစာအုပ်ဖြင့် ထုတ်ဖော်ပြသခဲ့သည်။

**ဗဟို ဗဟိုစာရင်းအင်းအဖွဲ့၏ သဘောထားမှတ်ချက်များ (ဧပြီလ ၂၀၂၀)**

**ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် စာရင်းအင်းဆိုင်ရာ အချက်အလက်များအား တစ်နေရာတည်းတွင်ရရှိနိုင်စေရန်** UNDP **နှင့် ပူးပေါင်းကာ ဘုံအချက်အလက်များထားရှိမည့် စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။**

ဗဟိုစာရင်းအင်းအဖွဲ့(CSO)မှ ထုတ်ဝေသည့် နှစ်စဉ် မြန်မာစာရင်းအင်းစာစောင်(စာအုပ်နှင့် စီဒီ) ၊ လစဉ်စီးပွားရေးညွှန်ကိန်းစာစောင်နှင့် စာအုပ်များ၊ စစ်တမ်း ကောက်ယူမှုဆိုင်ရာ အစီရင်ခံစာများနှင့် အခြားသော အစီရင်ခံစာများနှင့် ဈေးကွက်ဈေးနှုန်းများအား https:// www.csostat.gov.mm. ဝက်ဘ်ဆိုဒ်တွင် တင်ပြထားသည်။ ဗဟိုစာရင်းအင်းအဖွဲ့ (CSO) အနေဖြင့် ၎င်းတို့ ထုတ်ဝေသည့် နှစ်စဉ် မြန်မာစာရင်းအင်းစာစောင်(စာအုပ်နှင့် စီဒီ)၊ လစဉ်စီးပွားရေးညွှန်ကိန်းစာစောင်များထုတ်ပြန်ကြေငြာချက်နှင့် စာအုပ်များ၊ စာရင်းအင်းအချက်အလက်များ၊ စစ်တမ်းကောက်ယူမှုဆိုင်ရာ အစီရင်ခံစာများနှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ တင်ပြသည့် အစီရင်ခံစာများအား https://www.mmsis.gov.mm ဝက်ဘ်ဆိုဒ်တွင် တင်ပြထားသည်။

## NCS၏ သဘောထားမှတ်ချက်များ (မတ်လ ၂၀၂၀)

မြန်မာနိုင်ငံအနေဖြင့် အီလက်ထရောနစ် အစိုးရ အချက်အလက်စင်တာ (e-GIDC)အား တည်ဆောက်ပေးခဲ့သည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၇ရက်တွင် e-Government ဦးဆောင်ကော်မတီ အစည်းအဝေးအား ကျင်းပခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတိုင်ပင်ခံအစိုးရမှ သူမအနေဖြင့် ယခုအခါ လုပ်ငန်းကော်မတီ ဖွဲ့စည်းပြီး ဖြစ်သောကြောင့် လုပ်ကိုင်ဆောင်ရွက်မှုများ လျင်မြန်စွာ ပြီးစီးမည်ဟု မျှော်လင့်ကြောင်းပြောကြားခဲ့သည်။ ၂၀၁၉ခုနှစ် မေလ ၂ရက်နေ့တွင် e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီအစည်းအဝေးအား ကျင်းပခဲ့သည်။

အီလက်ထရောနစ် အစိုးရလုပ်ငန်းစဉ်များ အောင်မြင်ခဲ့ပါက အစိုးရအဖွဲ့အစည်းတစ်ခုချင်းစီအနေဖြင့် ပြည်သူလူထုနှင့် အစိုးရအဖွဲ့များအကြား အချက်အလက်များအား လွတ်လပ်ပွင့်လင်းစွာ ဖလှယ်နိုင်သည်။

အောက်ပါလင့်ခ်များတွင် သစ်တောကဏ္ဍနှင့် အခြားသော သတင်းအချက်အလက်များအား အများပြည်သူလူထုအတွက် ရရှိနိုင်သည်။

| စဉ် | အဖွဲ့အစည်းများ | ဝက်ဘ်ဆိုဒ် |
|---|---|---|
| | **အထွေထွေသတင်းအချက်အလက်များ** | |
| ၁ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | https://www.mopfi.gov.mm/ |
| ၂ | မြန်မာ့နိုင်ငံ စာရင်းအင်းဆိုင်ရာ အချက်အလက်ဝန်ဆောင်မှုစနစ် | http://www.mmsis.gov.mm/ |
| ၃ | ထောက်ပံ့ကူညီမှုဆိုင်ရာ အချက်အလက်များ စီမံခန့်ခွဲခြင်းစနစ် | https://mohinga.info/en/ |
| ၄ | မြန်မာပေါ်တယ် (Portal) | https://www.myanmar..gov.mm/ |
| ၅ | အီလက်ထရောနစ် ကုမ္ပဏီမှတ်ပုံတင်စနစ် (MyCO) (ကုမ္ပဏီများမှတ်ပုံတင်ရန် နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများ၏ အချက်အလက်အားလုံးအား ရှာဖွေနိုင်ရန်) | https://myco.dica.gov.mm/ (https://www.dica.gov.mm/en/link/ဝန်ကြီးဌာန-investment-and-foreign- economic-relations-mifer) |
| | **သစ်တောကဏ္ဍ** | |
| ၆ | မြန်မာ့သစ်လုပ်ငန်း | http://www.mte.com.mm/ |

| | | |
|---|---|---|
| ၇ | သစ်တောဦးစီးဌာန | https://www.forestdepartment.gov.mm/ |
| | **သတ္တုတူးဖော်ရေး ကဏ္ဍ** | |
| ၈ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန | http://www.mining.gov.mm/Minister_Office_mm/Default.asp |
| ၉ | သတ္တုတွင်းဦးစီးဌာန | http://www.mining.gov.mm/DM_mm/Default.asp |
| ၁၀ | သတ္တုတူးဖော်ရေး လုပ်ငန်း အမှတ် ၁ | http://www.mining.gov.mm/ME-၁_mm/Default.asp |
| ၁၁ | ဘူမိဗေဒလေ့လာရေးနှင့်ဓါတ်သတ္တုရှာဖွေရေးဦးစီးဌာန | http://www.mining.gov.mm/DGSE_mm/Default.asp |
| ၁၂ | မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း | http://www.mining.gov.mm/MGE_mm/Default.asp |
| ၁၃ | သတ္တုတူးဖော်ရေး လုပ်ငန်း အမှတ် ၂ | http://www.mining.gov.mm/ME-၂_mm/Default.asp |
| ၁၄ | မြန်မာပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | http://www.mining.gov.mm/MPE_mm/Default.asp |

**နောက်ထပ် IA မှတ်ချက်**

ကျွန်ုပ်တို့အနေဖြင့် သင်တို့၏ သဘောထားမှတ်ချက်များအား မှတ်သားရယူထားသည်။ သို့ရာတွင် ကျွန်ုပ်တို့၏ အကြံပြုချက်များအားလည်း ဆက်လက်ထားရှိမည်ဖြစ်သည်။

EITI ၏ စနစ်တကျ ထုတ်ဖော်ကြေငြာချက်များအား အရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက် EITI လုပ်ငန်းစဉ်တွင် အသုံးပြုရမည့် သက်ဆိုင်ရာ အချက်အလက်များ ကောက်ယူစုဆောင်းရန် တာဝန်ပေးအပ်ထားသည့် အစိုးရအဖွဲ့ အစည်းများနှင့် SOE တစ်ခုချင်းစီရှိ NCS အဖွဲ့မှ EITI နှင့်သက်ဆိုင်သောအဖွဲ့ငယ်အား ခန့်အပ်ထားရှိရန်မှာ အလွန်အရေးကြီးသည်ဟု ထင်မြင်ပါသည်။

## (ခ) ပို့ကုန်အချက်အလက်များ၏ တိကျမှုအား တိုးတက်ကောင်းမွန်စေခြင်း

EITIစံများအရ အကောင်အထည်ဖော်သည့် နိုင်ငံများအနေဖြင့် သစ်တောကဏ္ဍရှိ တင်ပို့မှုဆိုင်ရာ သတင်းအချက်အလက်များကို စုစုပေါင်းတင်ပို့မှု၏ရာခိုင်နှုန်းအားဖြင့် လုံးဝဥသုံ အများသိရန် ထုတ်ဖော်ကြေငြာရမည်ဖြစ်သည်။ (EITIလိုအပ်ချက် ၆.၃ (ဂ))။

သစ်တောဦးစီးဌာနမှ အစီရင်ခံတင်ပြသည့် တင်ပို့ကုန် အချက်အလက်များအား ဗဟိုစာရင်းအင်းအဖွဲ့ (Central Statistical Organization - CSO) ၏ အချက်အလက်များနှင့် နှိုင်းယှဉ်ကြည့်ပါက တိုက်ဆိုင်စစ်ဆေးခြင်း မပြုရသေးသည့် ကွာခြားချက်များအား သတိပြုမိပါသည်။ ထိုအချက်အလက်များအား အောက်တွင်အသေးစိတ် ဖော်ပြထား သည်။

### ၂၀၁၆/၁၇ ဘဏ္ဍာနှစ်

| ကျွန်းသစ်နှင့် သစ်မာ | သစ်တောဦးစီး ဌာန | CSO | ကွာခြားချက် | % |
|---|---|---|---|---|
| ကုဗတန်ဖြင့် ('၀၀၀) | ၅၈ | ၆၇ | -၉ | -၁၃% |
| အမေရိကန်ဒေါ်လာသန်း ပေါင်း တန်ဖိုး | ၁၅၅ | ၁၁၈ | ၃၇ | ၃၁% |

### ၂၀၁၇/၁၈ ဘဏ္ဍာနှစ်

| ကျွန်းသစ်နှင့် သစ်မာ | သစ်တောဦးစီး ဌာန | CSO | ကွာခြားချက် | % |
|---|---|---|---|---|
| ကုဗတန်ဖြင့် ('၀၀၀) | ၄၂ | ၆၀ | -၁၈ | -၃၀% |
| တန်ဖိုး အမေရိကန်ဒေါ်လာသန်း ပေါင်း | ၁၀၂ | ၈၈ | ၁၄ | ၁၆% |

### အကြံပြုချက်

သစ်တောဦးစီးဌာနနှင့်ဗဟိုစာရင်းအင်းအဖွဲ့(CSO)များအနေဖြင့် တင်ပို့မှုဆိုင်ရာ အချက်အလက်များအား ကောက်ယူရန်နှင့် စီမံကွပ်ကဲရန် အတွက် ၎င်းတို့၏ ကိုယ်ပိုင် နည်းစနစ်များ၊ လုပ်ငန်းစဉ်များ နှင့် လုပ်ထုံးလုပ်နည်း များအား ချမှတ်ထားသင့်ကြောင်း အကြံပြုလိုသည်။

သစ်တောဦးစီးဌာန နှင့် ဗဟိုစာရင်းအင်းအဖွဲ့(CSO) တို့အနေဖြင့် ကုမ္ပဏီများမှ တင်ပြလာသည့် တင်ပို့မှု အချက်အလက်များအား အစိုးရဌာနတစ်ခုချင်းစီရှိအချက်အလက်များဖြင့် အချိန်မှန် တိုက်ဆိုင်စစ်ဆေးမှု များ ပြုလုပ်သင့်ကြောင်း တိုက်တွန်းအပ် သည်။ ထိုတိုက်ဆိုင်စစ်ဆေးမှုများအား အနည်းဆုံး သုံးလပတ်တစ်ကြိမ် ပြုလုပ် သင့်ပြီး သိသာထင်ရှားသည့် ကွဲပြားခြားနားချက် တစ်စုံတစ်ရာရှိပါက အပြည့်အဝစုံစမ်းစစ်ဆေးကာ NCS အပါ အဝင် သက်ဆိုင်ရာ အဖွဲ့အစည်းများအား အစီရင်ခံသင့်သည်။

**သစ်တောဦးစီးဌာန၏ သဘောထားမှတ်ချက် (မတ်လ ၂၀၂၀)**

EITI ရည်ရွယ်ချက်အရ သစ်တောဦးစီးဌာန မှ ပေးပို့သည့် သစ်နှင့် သစ်ထွက်ကုန် တန်ဖိုးများသတ်မှတ်မှုအား တင်ပို့ကုန် လိုင်စင်နှင့်အတူ အရောင်းစာချုပ်နှင့် ငွေတောင်းခံလွှာတို့၌ သတ်မှတ်ထားသည့် ဈေးနှုန်းများအပေါ် အခြေခံထား သည်။

သစ်တောဦးစီးဌာနအနေဖြင့် သစ်ထွက်ကုန်များ၏တန်ဖိုးများအား စေ့စပ်စွာ ကြည့်ရှု မစစ်ဆေးနိုင်ချေ။ ၎င်းအနေဖြင့် သစ်များ၏ မျိုးစိတ်၊ အရေအတွက် နှင့် အတိုင်းအထွာများကိုသာ တရားဝင်သတ်မှတ်ပေးနိုင်သည်။

**နောက်ထပ် IA မှတ်ချက်**

ကျွန်ုပ်တို့အနေဖြင့် သင်တို့၏ သဘောထားမှတ်ချက်များအား မှတ်သားရယူထားသည်။ သစ်တောဦးစီးဌာနမှ အချက် အလက်များမှာ ပိုမိုတိကျမှန်ကန်ကြောင်း နားလည်သဘောပေါက်သည်။

## ၂.၂ ယခင်အကြံပြုချက်များအား ဆက်လက်အရေးယူဆောင်ရွက်ခြင်း

## ၂.၂.၁ သစ်တောကဏ္ဍမှ ဝင်ငွေအား စီမံအုပ်ချုပ်မှုစနစ်

### (က) အခွန်ထမ်းအသိအမှတ်ပြုနံပါတ်မပါရှိခြင်း

လုပ်ငန်းစဉ်အတွင်း IRD နှင့် MCD မှရရှိသော ဝင်ငွေရှင်းတမ်းတွင် ကုမ္ပဏီများ၏ အခွန်ထမ်းအသိအမှတ်ပြု (TIN) နံပါတ်မပါရှိကြောင်းသတိပြုမိပါသည်။ ကုမ္ပဏီအချို့၏အမည်အား အစိုးရဌာနတစ်ခုမှ တခုသို့ မှားယွင်းစွာ ရေးထားခြင်းများလည်း ရှိသည်။ ၎င်းခြားနားချက်များမှာ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းကြောင့် ဖြစ်နိုင်ပါသည်။

ထို့အပြင် IRD နှင့် MCD တွင် သစ်ကုမ္ပဏီများ၏စာရင်း ပြည့်စုံစွာမရှိသကဲ့သို့ သစ်တောကုမ္ပဏီများအတွက် သီးခြားသတ်မှတ်ထားသော အမှတ်စဉ်များမရှိကြောင်းလည်း သတိပြုမိသည်။

IRD နှင့် MCD သည် မြန်မာ့သစ်လုပ်ငန်းမှ ထုတ်ပြန်ထားသော သစ်တောကုမ္ပဏီစာရင်းပေါ်တွင်သာ ဝင်ငွေကို ဖော်ပြထားသည်။ ၎င်းသည် ဝင်ငွေရှင်းတမ်း၏ ပြီးပြည့်စုံစွာ ဖော်ပြခြင်းနှင့်ပတ်သက်သော အန္တရာယ်ကို အလေး အနက် ဖော်ပြနေသည်။

### အကြံပြုချက်

အစိုးရအေဂျင်စီအားလုံးသည် သစ်တောကုမ္ပဏီများမှ ရရှိသောငွေကြေးများအား မှတ်တမ်းတင်ရန်အတွက် သီးခြား TIN အသုံးပြုစေလိုကြောင်း အကြံပြုအပ်သည်။ ထိုသို့ပြုလုပ်နိုင်ရန်အတွက် အစိုးရအေဂျင်စီ အားလုံးအနေဖြင့် လက်ရှိကုမ္ပဏီများ၏ အခြေအနေကိုသိရန် ပုံမှန် အနီးကပ်ပူးပေါင်း ဆောင်ရွက်မှုလိုအပ်ပေသည်။

ကုမ္ပဏီအသစ်များနှင့်ပတ်သက်၍ TIN နံပါတ်ကို ၎င်းတို့ မှတ်ပုံတင်တည်ထောင်သည့်အချိန်တွင် စာရင်းသွင်းသင့်ပြီး အစိုးရအဖွဲ့အစည်းများအားလုံးနှင့်လည်း TIN နံပါတ်ကိုအသုံးပြု၍ ဆက်သွယ်လုပ်ဆောင်ရမည်ဖြစ်သည်။ EITI အစီရင်ခံစာ အတွက် နံပါတ်အား မဖြစ်မနေ အသုံးပြုရမည်ဖြစ်သင့်ပါသည်။

### IRD ၏ ကနဦး သဘောထားမှတ်ချက်များ (ဒီဇင်ဘာလ ၂၀၁၈)

IRD အနေဖြင့် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်မှစ၍ အခွန်ထမ်းကြီးများရုံး (LTO)တွင် TIN နံပါတ်အား ကွန်ပြူတာစနစ်ဖြင့် အသုံးပြုပါသည်။ ၎င်းစနစ်အား အလယ်အလတ်အခွန်ထမ်းရုံး (MTO) တွင် တစ်ဆင့်ချင်းတိုး၍အသုံးပြုပါသည်။ အခွန်စီမံခန့်ခွဲ မှုစနစ်အသစ်အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း IRDတွင် ၂၀၁၉ခုနှစ် ဧပြီလ ၁ရက်နေ့မှစ၍ သုံးစွဲ ရန်ရည်ရွယ်ထားပါသည်။ အခြားတဖက်မှကြည့်လျှင် သစ်တောလုပ်ငန်းများသာမက IRD နှင့်ဆက်စပ်သော အခြား အစိုးရအဖွဲ့အစည်းများအနေဖြင့်လည်း IRD မှသုံးစွဲသော TIN နံပါတ်အားတူညီစွာသုံးစွဲသင့်ပါသည်။

တူညီသော TIN နံပါတ်အသုံးပြုနိုင်ရန်နှင့် သုံးစွဲရန်စနစ်တစ်ခု တည်ထောင်နိုင်ရန်အတွက် နက်ဝပ်စနစ်အား (network system) တပ်ဆင်ရုံသာမက EITI နှင့်ကိုက်ညီသော ဥပဒေအသစ်ပြဌာန်းရန်လည်း လိုအပ်သည်။

### IRD ၏ နောက်ထပ်သဘောထားမှတ်ချက်များ (ဖေဖော်ဝါရီလ ၂၀၂၀)

IRD အနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများဆိုင်ရာ ညွှန်ကြားရေးမှူးဦးစီးဌာန (DICA) ၊ ကုန်သွယ်ရေး ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လိုက်သောကြောင့် ထိုဌာနထဲမှ တစ်ခုတွင် မှတ်ပုံတင် တစ်ကြိမ် ပြုလုပ်ရုံ

ဖြင့် ၎င်းဌာနများအကြား အကျုံးဝင်ပြီးဖြစ်သည်။ ထို့ကြောင့် ၂၀၂၀ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့မှစတင်၍ ကုန်သွယ်ရေး ဦးစီးဌာနသည် မြန်မာကုန်သွယ်ရေးကွန်ယက် ၂.၀ အွန်လိုင်း လိုင်စင်စနစ် မှတဆင့် ပို့ကုန်/သွင်းကုန် မှတ်ပုံတင်အစား TIN နံပါတ်အား တစ်ခုတည်းသော မှတ်ပုံတင်အမှတ်အဖြင့် သီးသန့် Unique ID ပြောင်းလဲ အသုံး ပြုခဲ့သည်။

IRD အနေဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ e-ID စနစ် လုပ်ဆောင်ရေးအဖွဲ့နှင့် ကနဦး အစည်းအဝေးများပြုလုပ်ကာ အခွန်ထမ်းတစ်ဦးချင်းစီအတွက် TIN နံပါတ် ထုတ်လုပ်ပေးနိုင်ရန် ဆောင်ရွက်လျက် ရှိသည်။ e-IDစနစ်အနေဖြင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှ နိုင်ငံတွင်းနေထိုင်သူဟု မှတ်ပုံတင်သည်နှင့် တပြိုင်နက် သီးခြား နံပါတ်ထုတ် ပေးမည်ဖြစ်သည်။ ထိုသီးခြားနံပါတ်အား အခွန်ဆိုင်ရာ ကိစ္စရပ်များအတွက် တစ်ဦးချင်း TIN နံပါတ် အဖြစ်သုံးစွဲမည် ဖြစ်သည်။

### အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေ

တစ်စိတ်တစ်ဒေသ အကောင်အထည်ဖော် ဆောင်ရွက်ပြီး ဖြစ်သည်။

### (ခ) သစ်တောဝင်ငွေများအတွက် ခွဲဝေမှုစနစ်မရှိခြင်း

သစ်တောကဏ္ဍာဝင်ငွေအား မြန်မာနိုင်ငံတိုင်းနှင့် ပြည်နယ်အားလုံးနီးပါးတွင်ရရှိပါသည်။ အဓိက အားဖြင့် စစ်ကိုင်း၊ ပဲခူး၊ တနသာၤရီ၊ မကွေး၊ ဧရာဝတီ၊ ရှမ်း၊ ကယားနှင့် ချင်းတို့တွင်ဖြစ်ပါသည်။ ၎င်းဧရိယာများနှင့် အခြား ဧရိယာများတွင် သစ်တောလုပ်ငန်းများသည် ဒေသခံနေထိုင်သူများနှင့် သဘာဝပတ်ဝန်းကျင်အားအထူး အကျိုး သက်ရောက်မှုရှိပါသည်။၎င်းဒေသများသို့ ဝင်ငွေအချို့ခွဲ ဝေမှုရှိသော်လည်း အများဆုံး ရှယ်ယာဝေစုကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေသို့ ထည့်ဝင်ပါသည်။

### အကြံပြုချက်

သစ်တောလုပ်ငန်းများသည်ဒေသခံရပ်ရွာအသိုင်းအဝိုင်းပါ တိုက်ရိုက်အကျိုးသက်ရောက်မှုရှိရန် အစိုးရ အနေ ဖြင့် သစ်တောကုမ္ပဏီများမှရရှိလာသောဝင်ငွေကိုအထူးရန်ပုံငွေထူထောင်ရန် စဉ်းစားသင့်ပါသည်။ အောက်ပါ စီမံကိန်းများသို့ ခွဲဝေပေးနိုင်ပါသည်။

- သစ်တောကြောင့် သက်ရောက်မှုရှိသော ရပ်ရွာအသိုင်းအဝိုင်း ပြန်လည်ထူထောင်ရေး
- အကြမ်းဖက်မှုများ လျော့ချတားဆီးရေး
- သယံဇာတပေါကြွယ်သောဒေသနှင့် သယံဇာတမပေါကြွယ်သောဒေသများ အကြားဒေသ အလိုက် ဝင် ငွေ ညီမျှစွာ ရရှိရေးကို ဖြစ်ပေါ်စေရန်

ပိုမိုထိရောက်မှုရှိစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်ဝင်ငွေခွဲဝေမှုစနစ်မှ ဝင်ငွေခွဲဝေမှု တွက်ချက်မှု အပေါ် ပါဝင် ပတ်သက်သူများအားလုံး၏ သဘောတူညီမှုရရှိရန် လိုအပ်စေမည်။

**၂၀၁၈ခုနှစ် ဇူလိုင်လ ၃၁ရက်တွင် ပြုလုပ်သော နည်းပညာ နှင့် အစီရင်ခံသည့် စပ်ကော်မတီ (Technical and Reporting Sub-committee) အစည်းအဝေးနှင့် ၂၀၁၈ခုနှစ် ဩဂုတ်လ ၃ ရက်တွင် ပြုလုပ်သော ၁၅ ကြိမ်မြောက် သုံးပွင့်ဆိုင် ညွှန့်ပေါင်းအဖွဲ့မှ မှတ်ချက်များ**

သစ်တောထွက်ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်ဝင်ငွေများကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံ ငွေ **(Union Fund)** နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးဝင်ငွေ **(State and Region Fund)** သို့ ပေးသွင်းရသည်။

သစ်တောဦးစီးဌာန၏ နောက်ထပ်သဘောထားမှတ်ချက်များ (မတ်လ ၂၀၂၀)

သစ်တောဦးစီးဌာနအနေဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံအရ သစ်တောကဏ္ဍမှ သစ်နှင့် သစ်မဟုတ်သောသစ်ထွက်ပစ္စည်း မှ ဝင်ငွေများအား ကောက်ခံစုဆောင်းကာ ရရှိလာသော အခွန်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်ရံပုံငွေသို့ ပေးဆောင်သည်။ ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များ၏ အတည်ပြုချက်အရ ပြည်နယ်/တိုင်းဒေသကြီး အစိုးရနှင့်ပြည်ထောင်စု လွှတ်တော်မှဘတ်ဂျက်ငွေများအားခွဲဝေသတ်မှတ်ပေးသည်။ ဤအကြံပြုချက်မှာကောင်းမွန်သော်လည်း လက်ရှိဥပဒေ အနေအထားအရ ကျွန်ုပ်တို့အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိချေ။

### မြန်မာ့သစ်လုပ်ငန်း ၏ နောက်ထပ် သဘောထားမှတ်ချက်များ (မတ်လ ၂၀၂၀)

မြန်မာ့သစ်လုပ်ငန်း အနေဖြင့် ထိုကဲ့သို့သော ရံပုံငွေများအား ဖော်ဆောင်မပေးနိုင်ပါ။ ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များ၏ အတည်ပြုချက်အရ ပြည်ထောင်စုအစိုးရမှသာ ဘတ်ဂျက်ငွေများ ခွဲဝေသတ်မှတ်ပေးနေ သည်။

### နောက်ထပ် IA မှတ်ချက်

ကျွန်ုပ်တို့အနေဖြင့် သင်တို့၏အကြံပြုချက်ကို မှတ်သားထားပါသည်။ သို့သော် ကျွန်ုပ်တို့၏ ထောက်ခံအကြံပြုချက်များကိုလည်း ဆက်လက်ထားရှိမည်ဖြစ်သည်။ ရှင်းလင်းသော ဝင်ငွေခွဲဝေမှုပုံသေနည်းဖြင့် ဝင်ငွေခွဲဝေမှုစနစ်ကို ထားရှိစေလိုကြောင်းတိုက်တွန်းအပ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်းဆင်တူသည့် ငွေကြေးရံပုံငွေများ ထူထောင်

ထားသည့် အခြားနိုင်ငံများ၏အတွေ့အကြုံများမှ သင်ယူလေ့လာနိုင်ပါသည်။
စည်းမျဉ်းစည်းကမ်းအသစ်များ၏ အချို့တွင် အောက်ပါတို့ပါဝင်သင့်သည်။

မြန်မာနိုင်ငံအနေဖြင့် သစ်တောဌာနမှ ဝင်ငွေများအား ရေရှည်စီမံခန့်ခွဲနိုင်စေနိုင်သည့် နည်းလမ်းများ ပံ့ပိုးခြင်း
သစ်တောကဏ္ဍရန်ပုံငွေအားလည်ပတ်ရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာသတ်မှတ်ချက်များ အသေးစိတ်ချမှတ်ပေးခြင်း
သစ်တောကဏ္ဍ ရန်ပုံငွေနှင့် ဆက်စပ်သည့် ပြေစာများအား ကောက်ခံမှု နှင့် စီမံခန့်ခွဲမှုများအား ထိန်းချုပ်ခြင်း
နိုင်ငံတော် ဘတ်ဂျက်သို့ လွှဲပြောင်းပေးမှုများအား စည်းကမ်းချမှတ်ခြင်း

## အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေ

အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု မရှိသေးပါ။

## (ဂ) သစ်တောကဏ္ဍနှင့် သစ်တောမဟုတ်သည့်ကဏ္ဍမှ ဝင်ငွေခွန်များအကြား သိသာထင်ရှားမှု မရှိခြင်း

လေ့လာအကဲဖြတ်သည့်ကာလ အတွင်းအချို့သော ကုမ္ပဏီများသည် ၎င်းတို့၏ထုတ်လုပ်မှုပမာဏမှာ အတော် နည်းပါးသော်လည်း **IRD** သို့ ပမာဏ ကြီးမားသော ငွေပေးချေမှု များရှိကြောင်း ဖော်ထုတ်နိုင်ခဲ့ပါသည်။
ကျွန်တော်တို့ သဘောပေါက်သည်မှာ အဆိုပါကုမ္ပဏီများသည် သစ်တောကဏ္ဍနှင့် သစ်တောမဟုတ်သော ကဏ္ဍလုပ်ငန်းများ၌ပါ လုပ်ငန်းဆောင်ရွက်ကြပါသည်။ သို့အတွက်၎င်းတို့၏ ပေးချေမှုများမှာထုတ်လုပ်မှု ကဏ္ဍနှင့် လုံးဝဆက်စပ်မှု မရှိခြင်းမရှိပါ။ သို့အတွက်လောလောဆည်တွင် **IRD** အနေဖြင့် ငွေပေးချေသည့် အချိန် မည်မျှ သည် သစ်တောလုပ်ငန်းများ၊ မည်မျှသည် သစ်တောမဟုတ်သော လုပ်ငန်းများနှင့် ပတ်သက်သည်ကို သတ်မှတ်နိုင်ရန် ဖြစ်နိုင်မည်မဟုတ်ပါ။

## အကြံပြုချက်

**IRD**သို့ငွေပေးချေမှုပြုသည့်အခါ ကုမ္ပဏီများအား သစ်တောကဏ္ဍနှင့် သစ်တေ ာမဟုတ် သော ကဏ္ဍဆိုင်ရာ ပေးချေမှုဟူ၍ ခွဲခြားမှုပြုရန်အပြည့်အဝ တိုက်တွန်းပါသည်။ သို့မှသာ ပေးချေမှုများကို သင့်လျော်မှန်ကန်သည့် အခွန်စီးကြောင်း **(tax stream)** ၌ သတ်မှတ်နိုင်မည် ဖြစ်သည်။
**IRD**အနေဖြင့်ထိုသို့ ခွဲခြားမှုပြုလုပ်ရန်နှင့် ကုမ္ပဏီ၏လုပ်ငန်း (များ) နှင့် ပတ်သက်သည့် သတင်းအချက်အလက် များ ထည့်သွင်းရန် ကိန်းဂဏန်းမှတ်တမ်းပြုစနစ် **(data recording systems)** ၌ သတ်မှတ်နိုင်မည်ဖြစ်သည်။

### IRD ၏ ကနဦး သဘောထားမှတ်ချက်များ (ဒီဇင်ဘာလ ၂၀၁၈)

စုစုပေါင်းရောင်းချမှု **(total sale proceeds)** နှင့် ဝန်ဆောင်မှုလုပ်ငန်းများမှအရအပြင် ဝင်ငွေသတ်မှတ် သည့်နှစ် အတွင်း အခွန်ထမ်းတို့ထံမှရရှိသည့်စုစုပေါင်းဝင်ငွေကို အခြေခံ၍ ပြည်ထောင် စုအခွန်ထမ်းဥပဒေ **(Union Taxation Law)** ၌ သတ်မှတ်ထားသောအခွန်နှုန်းထားများနှင့် အညီဝင်ငွေနှင့် စီးပွားရေး/ ကုန်သွယ် အခွန် **(Commercial tax)** တို့အတွက်အကဲဖြတ်ကို ဆောင်ရွက်ပါသည်။အကယ်၍ အခွန်ထမ်းသည်လုပ်ငန်း တစ်ခု ထက်ပို၍ဆောင်ရွက်ပါကဝင်ငွေနှစ်အတွင်း အခွန်ထမ်းကလုပ်ကိုင်သည့် လုပ်ငန်းများ အားလုံးမှ ရရှိလာ သော စုစုပေါင် းပမာဏအပေါ်၌အခွန် သတ်မှတ်ရပါသည်။

အခွန်သတ်မှတ်မှုကို လုပ်ငန်းရပ်တစ်ခုချင်းအတွက် ခွဲခြားမသတ်မှတ်နိုင်သည့်အတွက် **IRD** အနေဖြင့် ထုတ်လုပ်မှုကဏ္ဍနှင့်ပတ်သက်၍ ငွေပေးချေမှုမည်၍မည်မျှ ဖြစ်သည်ကို ခွဲခြား ပေးရန်မဖြစ်နိုင်ပါ။ **IRD** အနေ ဖြင့် လောလောဆည်တွင် သစ်တောကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရသော အခွန်ထမ်း တစ်ဦးချင်း အတွက် သစ်တောကဏ္ဍဝင်ငွေနှင့် အခြားဝင်ငွေကိုခွဲခြားနိုင်ခြင်းမရှိပါ။ ဝင်ငွေကိုပေါင်းရုံး တင်ပြသည့် စနစ် **(aggregate taxis)** ဖြင့် သာ အစီရင်ခံသည့် အတွက် လက်ရှိမှတ်တမ်းများမှ သစ်တော ကဏ္ဍဝင်ငွေကို အစီရင်ခံရန်လက်တွေ့နည်းလမ်းမရှိပါ။

ထိုသတင်းအချက်အလက်များစုစည်းရန်ကျွနု်ပ်တို့၏လုပ်ငန်းစဉ်ကို ပြောင်းလဲရန် လက်တွေ့ကျနိုင်မည်မဟုတ်ပါ။အခွန်ပြန်ကြားပုံစံ **(tax return forms)**များနှင့် **IT**စနစ်များကို ပြန်လည် ပြုပြင်ရန်များစွာသော အရင်း အမြစ်များ လိုအပ်နိုင်မည်ဖြစ်ပါသည်။ အကောင်းဆုံး နည်းလမ်းအဖြစ် ထုတ်လုပ်မှုအမှတ်အသား**(industry code)** ကို အသုံးပြုလျက် ကိန်းဂဏန်း ကောက်ယူရန် နှင့်သစ်တောမဟုတ်သောကဏ္ဍမှအချို့သောအပိုင်း ပါဝင်နိုင်သည်ကို လက်ခံရန် ဖြစ်ပါသည်။ **(discount** များကိုအသုံးပြု၍ဖယ်ရှားနိုင်ပါသည်။ ဥပမာ အစီရင်ခံ သည့် စုစုပေါင်း ဝင်ငွေ ၏ ၅ ရာခိုင်နှုန်း သို့မဟုတ် ၁၀ ရာခိုင်နှုန်းမှာသစ်တောကဏ္ဍ ဝင်ငွေဟု ယူဆခြင်း)

### နောက်ထပ် IA မှတ်ချက်

တိကျရေရာသောအခြေခံမရှိဘဲသစ်တောမဟုတ်သည့်ကဏ္ဍဝင်ငွေအတွက် ရာခိုင်နှုန်းတစ်စုံတစ်ရာသတ်မှတ် ဖယ်ရှားခြင်းမှာ သစ်တောကဏ္ဍဝင်ငွေကို တိကျသည့်အကဲဖြတ်မှုမဖြစ်နိုင်ပါ။ သို့အတွက် ကျွနု်ပ်တို့ ၏ အဆိုပြု တင်ပြချက်ကို ဆက်လက်ထိန်းထားပါမည်။

## IRD ၏ နောက်ထပ်သဘောထားမှတ်ချက်များ (ဖေဖော်ဝါရီလ ၂၀၂၀)

ဝန်ဆောင်မှုမှ ရရှိသော ရောင်းချမှု နှင့် ပြေစာစုစုပေါင်းအပြင် ဝင်ငွေခွန်ပေးချေရမည့်နှစ်အတွင်း အခွန်ထမ်းများမှ ရရှိသော ဝင်ငွေစုစုပေါင်းများအား ပြည်ထောင်စုအခွန်ဥပဒေ နှင့်အညီသတ်မှတ်ထားသည့် အခွန်နှုန်းထားများ အတိုင်း ကုန်သွယ်ခွန် နှင့် ဝင်ငွေခွန်အား စစ်ဆေးမှုပြုလုပ်သင့်သည်။ အခွန်ပေးဆောင်မှု နှစ်အတွင်း အခွန်ထမ်း အနေဖြင့် လုပ်ငန်းဆောင်ရွက်မှုတစ်ခုထက်ပိုပါက ပေးဆောင်ရမည့် လုပ်ငန်းဆောင်ရွက်မှုအားလုံး၏ စုစုပေါင်း ပမာဏအား အခွန်ထမ်းရမည်ဖြစ်သည်။ ပေးဆောင်ရမည့်အခွန်များအား လုပ်ငန်းဆောင်ရွက်မှုတစ်ခုချင်းစီအလိုက် သတ်မှတ်ဖော်ပြထားခြင်း မရှိသောကြောင့် IRDအနေဖြင့် သစ်ထုတ်လုပ်ရေးကဏ္ဍမှ မည်မျှပေးဆောင်မှုများ ရှိနေ သည်ကို ခွဲခြားဖော်ထုတ်နိုင်ခြင်းမရှိပေ။

IRD အနေဖြင့် သစ်တောကဏ္ဍရှိ အခွန်ထမ်းတစ်ဦးချင်းစီ၏ သစ်တောဆိုင်ရာ ဝင်ငွေနှင့် အခြားသော ဝင်ငွေများအား လည်းလက်ရှိတွင် ခွဲခြားနိုင်ခြင်းမရှိပါ။ ဝင်ငွေများသည် ပေါင်းရုံးတင်ပြသည့်စနစ် (aggregate basis) အား အခြေ ခံပြီး အစီရင်ခံသောကြောင့်တည်ဆဲမှတ်တမ်းများမှသစ်တောဆိုင်ရာဝင်ငွေများအားထုတ်နှုတ်အစီရင်ခံရန်မှာလက်တွေ့ တွင်မဖြစ်နိုင်ပေ။

ထိုသတင်းအချက်အလက်များစုစည်းရန်အတွက် ကျွန်ုပ်တို့၏လုပ်ငန်းစဉ်ကို ပြောင်းလဲရန် လက်တွေ့ကျ နိုင်မည် မဟုတ်ပါ။ အခွန်ပြန်ကြားပုံစံ (tax return forms) များနှင့် IT စနစ်များကို ပြန်လည်ပြုပြင်ရန်များစွာသော အရင်း အမြစ်များလိုအပ်နိုင်မည်ဖြစ်ပါသည်။

အကောင်းဆုံးသော နည်းလမ်းမှာ ထုတ်လုပ်မှုအမှတ်အသား(industry code) အား အသုံးပြုကာ အချက်အလက်(ဒေတာ)ကောက်ယူရန်နှင့် သစ်တောမဟုတ်သောကဏ္ဍမှအချို့သောအပိုင်း ပါဝင်နိုင်သည်ကိုလက်ခံရန် ဖြစ်ပါသည်။ (discount များကိုအသုံးပြု၍ဖယ်ရှားနိုင်ပါသည်။ ဥပမာအစီရင်ခံသည့် စုစုပေါင်းဝင်ငွေ၏ ၅ရာခိုင်နှုန်း သို့မဟုတ် ၁၀ရာခိုင်နှုန်းမှာ သစ်တောကဏ္ဍဝင်ငွေဟုယူဆခြင်း)

## အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေ

အကောင်အထည် ဆောင်ရွက်နိုင်မှုမပြုလုပ်နိုင်ပါ။

# ၂.၂.၂ သစ်တောကဏ္ဍစီမံအုပ်ချုပ်မှု

**(က) သစ်ကုန်သွယ်ခြင်းနှင့် ခြေရာခံခြင်းတိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်ခြင်း**

သစ်ထုတ်ရာနေရာမှသစ်လုံးများကို ပြည်ပတင်ပို့ရာ နေရာသို့သယ်ဆောင် ပေးခြင်း နှင့် ပတ်သက ်သည့် ရှုပ်ထွေးမှုမှာ မြန်မာနိုင်ငံ၏သစ်တောကဏ္ဍအတွက် စိန်ခေါ်မှု တစ်ရပ်အဖြစ်ယူဆပါသည်။ သစ်လုံး သယ် ယူရာ လမ်းကြောင်း စနစ် (Log tracking system)မှာ ရှိပြီးဖြစ်သော်လည်း အမှန်တကယ် သစ်လုံးသယ်ပို့မှု နှင့် ပိုင်ရှင်ကူးပြောင်းမှု မှာ ရှုပ်ထွေးလှပါသည်။ လွှဲပြောင်းမှုအများအပြားရှိပြီး ၎င်းတွင် လူတို့၏မှားယွင်းမှု များနှင့် လုပ်ထုံးလုပ်နည်း အတိုင်း လိုက်နာမှုများ ပျက်ကွက်သည်များ လည်း ရှိနိုင်သည်။၎င်းအပြင် လက်ရှိ ကိန်းဂဏန်း စုဆောင်းသည့်စနစ်မှာ သစ်၏မူလဇစ်မြစ်အသေးစိတ်ကို လုံလောက်စွာဖော်ပြထားခြင်းမရှိပါ။ လက်ရှိသစ်တုံး သယ်ရာလမ်းကြောင်းနှင့် အစီရင်ခံသည့်စနစ်တွင်အရှည်စီမံခန့်ခွဲသည့် သဘာဝသစ်တော များနှင့် သစ်စိုက်ခင်း (အစိုးရနှင့်ပုဂ္ဂလိကပိုင် နှစ်မျိုးလုံး)မှ သစ်များကို ခွဲခြားထားခြင်းမရှိပါ။ ၎င်းစနစ်တွင် သစ်စီးဆင်းမှု (timber flows) များအကြားခွဲခြားနိုင်ခြင်းမရှိပါ။ သို့အတွက် ဖမ်းဆီး ထားသော သစ်များနှင့် သစ်တောများမှ တရားမဝင်ကူးပြောင်းထားသည့်သစ်များကို ရေရှည်စီမံခန့်ခွဲထားသည့် သဘာဝသစ်တော များမှသစ်များဖြင့် အလွယ်တကူ ရောနှော လိုက်နိုင်ပါသည်။

**အဆိုပြုထောက်ခံချက်**

ကျွန်ုပ်တို့အနေဖြင့် အစီရင်ခံသည့်စနစ်ကောင်းမွန်အောင်ဆောင်ရွက်သည့် လုပ်ငန်းများခိုင်မာလာစေရန် ထောက်ခံတင်ပြပါသည်။အဆိုပါလုပ်ငန်းတွင် ခေတ်မီသစ်လုံးသွား ရာလမ်းကြောင်းစနစ်နှင့်အတူ သက်ဆိုင်ရာသစ်တော ဦးစီးဌာနဝန်ထမ်းများ၊ MTE နှင့် ကုမ္ပဏီများ၏ စွမ်းဆောင်ရည်တည်ဆောက်မှုများ၌ ရင်းနှီးမြှုပ်နှံမှုများပါဝင်ပါ သည်။ လွန်ခဲ့သောဆယ်စုနှစ်များအတွင်း သစ်ထုတ်ကုန်ပစ္စည်းအသုံးများသောဒေသများနှင့် နိုင်ငံအများစုသည်တရားမဝင်သောနည်းလမ်းဖြင့်ထုတ်လုပ်သည့်သစ်ထွက်ပစ္စည်းများကိုတင်ပို့မှုမှလျှော့ချစေရန်ရည်ရွယ်သောစည်းမျဉ်း ဥပဒေအသစ်များ ရေးဆွဲပြဌာန်းလာကြပါသည် (ဥပမာ-US မှthe Lacey Act နှင့် EU သစ်စည်းမျဉ်း (EUTR)၊ ဩစတေးလျ တရားမဝင် သစ်ခုတ်ခြင်းမှကာကွယ်သည့် အက်ဥပဒေ)။တရားမဝင်သစ်ခုတ်လှဲခြင်းမှာ အဆိုပါ စည်းမျဉ်း(၃)ခုတွင် ဖော်ပြထားသည့်အတိုင်း သစ်ထုတ်လုပ်သည့်နိုင်ငံ၏ဥပဒေနှင့် စည်းမျဉ်းများ၏ စည်းကမ်း များကိုဖောက်ဖျက်လျက် ထုတ်လုပ်သည့်သစ်များကို ဆိုလိုပါသည်။ အဆိုပါစည်းမျဉ်းများ၏ အဓိကလိုအပ် ချက်ကို အောက်ပါအတိုင်း အကျဉ်းချုပ်တင်ပြအပ်ပါသည်။

- တရားမဝင်ထုတ်လုပ်သောသစ်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပြခြင်းမပြုရန်
- သစ်တင်သွင်းသူများကို အောက်ပါတို့ကိုလိုက်နာရန် ဆောင်ရွက်မှုအပါအဝင်နိုးကြားမှုသတိရှိရန်လိုအပ်ပါ သည်။

- သစ်၏ဇစ်မြစ်၊ တရားဝင်မှုနှင့်ဆိုင်သော သတင်းအချက် အလက်များ ရရှိအောင်ဆောင် ရွက်ခြင်း

- တရားမဝင်သော နေရာမှ ရရှိလာသည့် သစ်များနှင့် ပတ်သက်ပြီး အန္တရာယ် အလားအလာအား အကဲဖြတ်ခြင်း (Risk Assessment) ကို ဆောင်ရွက်ခြင်း

- ထူးခြားသော အန္တရာယ်အလားအလာများကို လျော့နည်းအောင်ဆောင်ရွက်ခြင်း1

အဆိုပါ စည်းမျဉ်းသစ်များသည် မြန်မာနိုင်ငံကဲ့သို့ သစ်တင်ပို့သောနိုင်ငံများအတွက် စိန်ခေါ်မှုများဖြစ်စေလျက် သစ်ဈေးကွက်များတွင် ပြောင်းလဲမှုများရှိခဲ့ပါသည်။2

နိုင်ငံတကာသစ်ဈေးကွက်များ၏ဖွံ့ဖြိုးမှုများနှင့်အညီ ဆက်လက်ရင်ဘောင်တန်းနိုင်ရန်နှင့် ပြည်ပတင်ပို့မှု လုပ်ငန်းအတွက် ဈေးကွက်ရရှိစေရန်၊ မြန်မာနိုင်ငံအစိုး ရအနေဖြင့် အဆိုပါဥပဒေစည်းမျဉ်း အသစ်များကို ရေးဆွဲအကောင် အထည်ဖော်ရန် တိုက်တွန်းအပ်ပါသည်။ သက်ဆိုင်ရာစံများနှင့်ညီညွတ်အောင်ဆောင်ရွက်သည့် အချို့သောအစ ပျိုးလုပ်ငန်းများမှာ ရှိနှင့်ပြီးဖြစ်သည်( ဥပမာ- မြန်မာသစ်တရားဝင်အာမခံမှုစနစ်/Myanmar’s Timber Legality Assurance System,

MTLAS) ။ သို့သော် ၎င်းစံများကို လက်တွေ့လိုက်နာအကောင် အထည် ဖော်ရန် ပိုမိုထပ်မံ ကြိုးစား အားထုတ်ရန်လိုအပ်ပါသည်။(ဥပမာ- စွမ်းဆောင် ရည်မြှင့် တင်ခြင်းနှင့်အစီရင် ခံခြင်းစနစ်) ။

**သစ်တောဦးစီးဌာနနှင့်မြန်မာ့သစ်လုပ်ငန်းတို့၏သဘောထားမှတ်ချက် (ဒီဇင်ဘာလ ၂၀၁၈)**

သစ်တောဦးစီးဌာနနှင့်မြန်မာ့သစ်လုပ်ငန်းတို့အတွက် MTLAS စနစ်ကို သစ်ထုတ်လုပ်ရေးနှင့် ဈေးကွက်တင် ပို့ရေးလုပ်ငန်းတွင် အသုံးပြုနေပြီဖြစ်သည်။ FLEGT အစီအစဉ်ကို EU နှင့် OFID တို့၏ရန်ပုံငွေအထောက်အပံ့ဖြင့် FD ၊ MTE နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတို့မှပါဝင်လျက် FAO၏အကူအညီဖြင့် အကောင်အထည်ဖော်ခဲ့ပြီးဖြစ်ပါသည်။

သစ်လုံးသယ်ယူရာလမ်းကြောင်းနှင့် သတင်းပို့အစီရင်ခံခြင်းစနစ်လည်း တိုးတက်အောင် ဆောင်ရွက်သွားမည် ဖြစ် ပါသည်။

MTE အနေဖြင့် သစ်ထောက်ပံ့မှုကွင်းဆက် (Supply chain) လုပ်ငန်းစဉ်ကို ထိခိုက်စေသော အကြောင်း ရပ်များစွာရှိသည်ကို ဝန်ခံပါသည်။ အမျိုးသားပြည်ပတင်ပို့မှုမဟာဗျူဟာအသစ်နှင့် ပတ်သက်၍ ဝယ်ယူသူများ( Customers) များ၏ အာရုံစူးစိုက်လာစေရန် ၂၀၁၇ ခုနှစ် ဩဂုတ်လ တွင် စာစောင်တစ်ခု ထုတ်ဝေခဲ့ပါသည်။ ၎င်း ထုတ်ဝေမှု၏ ရည်ရွယ်ချက် မှာ သစ်စောင့်ရှောက်ထိန်းသိမ်းမှု ကွင်းဆက် ( Chain of Custody) နှင့်တရားဝင်မှု (Legality)ကို တိုးတက် ကောင်းမွန်စေရန်ဖြစ်ပါသည်။ http://www.marinetechword.com/2017/MTE.pdf

သစ်တောဦးစီးဌာန နှင့် မြန်မာ့သစ်လုပ်ငန်း၏ နောက်ထပ် သဘောထားမှတ်ချက်များ (မတ်လ ၂၀၂၀)

သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့အနေဖြင့် အခြားသောပါဝင်ပတ်သက်သည့် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လတ်တလောတွင် အောက်ပါ လုပ်ငန်းဆောင်ရွက်ချက်များစွာအား လုပ်ဆောင်ခဲ့သည်။

၂၀၁၈ ခုနှစ်တွင် ဥရောပသမဂ္ဂ (EU) နှင့် ပူးပေါင်း၍ ထိန်းသိမ်းစောင့်ရှောက်မှုကွင်းဆက် (CoC)အား ထုတ်ပြန်ခဲ့ သည်။

၂၀၁၈/၁၉ ဘဏ္ဍာနှစ်မှစ၍ QR Codeစနစ်အား အကောင်အထည်ဖော်ကာ သဘာဝသစ်တောများမှ ကျွန်းသစ် ထုတ်လုပ်မှုအား ခြေရာခံခဲ့သည်။

၂၀၁၆ခုနှစ်တွင် ပုံစံသစ် ၈ အား တရားမဝင်ဖမ်းဆီးသစ်အား တရားဝင်အဖြစ်ပြောင်းလဲရန် အကောင်အထည်ဖော်ခဲ့ သည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၃၀ရက်နေ့တွင် ထုတ်ပြန်ခဲ့သော သဘာဝ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ သစ်တောဦးစီးဌာနမှ ဖမ်းဆီးရရှိသော တရားမဝင်သစ်များအား ပြည်တွင်းသုံးစွဲရန် အတွက်သာ မြန်မာ့ သစ်လုပ်ငန်းသို့ လွှဲပြောင်းပေးသင့်သည်။

၂၀၁၇ခုနှစ်တွင် ကုန်းကြောင်းသစ်တင်ပို့မှုအား တားမြစ်လိုက်သောကြောင့် မြန်မာ့သစ်လုပ်ငန်းအနေဖြင့် လက်ရှိတွင် သစ်ထောက်ပံ့မှုကွင်းဆက် ပိုမိုကောင်းမွန်စွာအကောင်အထည်ဖော်ရန်နှင့် ထိန်းသိမ်းစောင့်ရှောက် မှုကွင်းဆက် (CoC)အား ပိုမိုတိုးတက်ကောင်းမွန်ရန် (ဥပမာ- သစ်ထုတ်လုပ်မှုနှင့် သယ်ယူပို့ဆောင်ရေး) ကြိုးစားလျက်ရှိသည်။

မြန်မာ့သစ်လုပ်ငန်းမှ အသစ်ခုတ်လှဲသော သစ်များအား တရားဝင်ထုတ်လုပ်ကြောင်းကို အာမခံသည့် မြန်မာ သစ်တရားဝင် အာမခံမှုစနစ် (MTLAS)အား လိုက်နာဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် ဥရောပသမဂ္ဂ နှင့် အသေးစိတ်ညှိနှိုင်းကာ သစ်တောဥပဒေလိုက်နာဆောင် ရွက်မှုဆိုင်ရာ အုပ်ချုပ်ရေးနှင့် ကုန်သွယ်ရေး - ဆန္ဒအလျောက် မိတ်ဖက်ဖွဲ့စည်းခြင်း သဘောတူညီချက် (FLEGT - VPA) အား အပြီးသတ် ဆောင်ရွက်ခဲ့သည်။

**နောက်ထပ် IA မှတ်ချက်များ**

ကျွန်ုပ်တို့အနေဖြင့် ထပ်မံမွမ်းမံထားသည့် သဘောထားမှတ်ချက်များအား မှတ်သား၍ “အကောင်အထည်ဖော် ဆောင်ရွက်မှု မရှိသေးသော အခြေအနေ” မှ ‘‘တစ်စိတ်တစ်ဒေသ အကောင်အထည်ဖော် ဆောင်ရွက်ပြီးသောအခြေအနေသို့’’ မြှင့်တင်လိုက်သည်။

အစိုးရအနေဖြင့် တရားဝင် အတည်ပြုစစ်ဆေးပြီးသော မြန်မာနိုင်ငံမှ ကျွန်းသစ်များကိုသာ အပြည်ပြည်ဆိုင်ရာ ဈေးကွက်သို့တင်ပို့စေနိုင်ရန်အတွက် တက်ကြွစွာလုပ်ဆောင်နေကြောင်း ကျွန်ုပ်တို့အနေဖြင့် နားလည် သဘော ပေါက်သည်။ သို့သော် ထိုသို့ပြုလုပ်ရန် လုံခြုံစိတ်ချရသောစနစ်မရှိသည့်အတွက် တရားမဝင်နေရာများမှ တင်ပို့နိုင် သော အလားအလာများရှိသည့်အတွက် မြန်မာ့ ကျွန်းသစ်များအား ဥရောပသို့ ထိရောက်စွာတင်ပို့နိုင်ခြင်းမရှိပါ။ မြန်မာ့သစ်လုပ်ငန်းမှ တရားဝင်သည်ဟု စစ်ဆေးအတည်ပြုပြီးသော စာရွက်စာတမ်းများအား ယုံကြည်စိတ်ချရ သည်ဟု မသတ်မှတ်သောကြောင့် ထိုစာရွက်စာတမ်း များဖြင့် လုံလောက်မှုမရှိပေ။[8]

**အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေ**

တစ်စိတ်တစ်ဒေသ အကောင်အထည်ဖော် ဆောင်ရွက်ပြီး ဖြစ်သည်။

---

[8] https://news.mongabay.com/၂၀၁၉/၁၂/tainted-သစ်-from-မြန်မာ-widely-used-in-yachts-seized-in-the-netherlands/

### (ခ) ဥပဒေစည်းမျဉ်းဆိုင်ရာမူဘောင် နှင့် ဥပဒေလိုက်နာဆောင်ရွက်ခြင်း

- **သစ်တောဥပဒေ**

သစ်ထုတ်လုပ်ခြင်းနှင့်သစ်တောထွက်ပစ္စည်းသယ်ယူပို့ဆောင်ခြင်းနှင့် ပတ်သက်သည့် လက်ရှိဥပဒေ ပြဋ္ဌာန်းခြင်း နှင့်စည်းမျဉ်းဥပဒေချမှတ်ခြင်းတို့မှာ မြန်မာသစ်တောအရင်းအမြစ်များ အရှည်အသုံးချနိုင် ရေးအတွက် အတန် အသင့်ခိုင်မာသော မူဘောင်တစ်ရပ်ဖြစ်နိုင်ဖွယ်ရှိပါသည်။ သို့ရာတွင်လက်တွေ့၌ သစ်တောအရင်းအမြစ်များကို ထိန်ကွပ်သည့်မူဘောင်မှာ ဥပဒေနှင့် ရေရှည်တည်တံ့သော သစ်တော စီမံခန့်ခွဲမှုများကို အပြည့်အဝအာမခံနိုင်ရန် ပြည့်စုံလုံလောက် မှုမရှိကြောင်းဝန်ခံရပါမည်။ သို့အတွက် သစ်တောဥပဒေကိုလက်ရှိအခြေအနေတွင် ပြန်လည် စိစစ်သုံးသပ်လျက်ရှိပါသည်။

ဥပဒေအသစ်မှာလည်းနိုင်ငံတကာအလေ့အကျင့်ကောင်းများနှင့်ကိုက်ညီမှုရှိပြီး၊ ရေရှည် တည်တံ့သော သစ်တော စီမံခန့်ခွဲမှု၏ ကဏ္ဍအားလုံးကို မြှင့်တင်ပေးနိုင်ရန် အရေးကြီးပါသည်။

### .အကြံပြုချက်

ထိုသို့ဖြစ်ပေါ်လာစေရန် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရသည် နိုင်ငံတကာနှင့်အစိုးရမဟုတ်သော အပြင် EITIMSG အဖွဲ့ဝင်များပါဝင်သော ပုဂ္ဂလိကပိုင်ကဏ္ဍ တို့ပါဝင်သည့် ဥပဒေပြန်လည် စိစစ်သုံးသပ်ခြင်းဆိုင်ရာနိုင်ငံ တကာ ညှိနှိုင်းမှုလုပ်ငန်းစဉ်ကိုလိုက်နာ ဆောင်ရွက်ရန် ထောက်ခံပါသည်။

### သစ်တောဦးစီးဌာန ၏ ကနဦး သဘောထားမှတ်ချက်များ (ဒီဇင်ဘာလ ၂၀၁၈)

၁၉၉၂ ခုနှစ် သစ်တောဥပဒေပြင်ဆင်ချက်ကို ပြည်သူ့လွှတ်တော်မှ ပြန်လည်စိစစ်ခဲ့ပါသည်။ လက်ရှိအခြေ အနေ တွင် အမျိုးသားလွှတ်တော်သည် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း အဖွဲ့ အစည်းများ (Civil organization )နှင့် ညှိနှိုင်းတိုင်ပင်ကာသစ်တော ဥပဒေကို ပြန်လည်သုံးသပ်နေပါသည်။

- **ဥပဒေလိုက်နာဆောင်ရွက်ခြင်း**

မြန်မာနိုင်ငံတွင်သစ်တောဥပဒေလိုက်နာဆောင်ရွက်မှုမှာ အားနည်းပါသည်။ သစ်တောဦးစီးဌာန(FD) အနေ ဖြင့် ဥပဒေလိုက်နာဆောင်ရွက်ရေးတိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် တရားမဝင်သစ် ကုန်သွယ်မှုကို တိုက်ဖျက် ခြင်း လုပ်ငန်းများကို တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် လိုအပ်သော အရင်းအမြစ် များမှာ လွန်စွာကန့်သတ်မှုရှိပါသည်။ ရေရှည်တည်တံ့သော အထွက်နှုန်းဆိုင်ရာ သစ်တောစီမံ ခန့်ခွဲမှု အတွက် သီအိုရီ ဆိုင်ရာမူဘောင်ရှိပြီးသော်လည်း လက်တွေ့တွင်မူဝါဒများ၊ဥပဒေနည်းဥပဒေများကို လိုက်နာ ဆောင်ရွက်မှု မရှိကြပါ။ တရားမဝင် သစ်ခိုးထုတ် နေသည့်နေရာများ စွာ(အထူးသဖြင့် တရုတ်နိုင်ငံ နယ်စပ်တလျှောက်ရှိ ဒေသ များ[9])၌ သစ်တောဦးစီး ဌာနမရှိပါ။ ၎င်းအပြင် ဖြစ်ပေါ် နိုင်သောမှုခင်းများကို ထောက်လှမ်းနိုင်သည့် အရင်း အမြစ်များ ယေဘုယျအားဖြင့် ခေါင်းပါးလှပါသည်။ သို့အတွက် စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နေသော မှုခင်းများ နှင့်တရား စွဲဆိုမှုကို ကြောက်ရွံ့မှု နည်းပါးစွာဖြင့်တရားမဝင် သစ်ခိုး ထုတ်မှုကို ဆက်လက်ဆောင်ရွက်နေသည့် အငယ်တန်းနှင့်အလယ်အလတ်အဆင့် အဖွဲ့များကို အခွင့်အလမ်း ပေးသကဲ့သို့ဖြစ်နေပါသည်။

### ထောက်ခံတင်ပြခြင်း

မြန်မာနိုင်ငံအစိုးရအနေဖြင့် သစ်တောဦးစီးဌာနသို့ အရင်းအမြစ်များပိုမိုချမှတ်ပေးရန်နှင့် သစ်တောဥပဒေ လိုက်နာ

[9] တရုတ်နိုင်ငံ၏ သုံးသပ်ချက် -မြန်မာ သစ်ကုန်သွယ်မှု၊ Forest Trends, ၂၀၁၄

ဆောင်ရွက်မှုတိုးတက်လာစေရေးအတွက် အဖွဲ့အစည်း၏ စွမ်းဆောင်ရည် တည်ဆောက်မှု အပေါ် အလေးထားရန် ထောက်ခံတင်ပြပါသည်။

ဤကိစ္စရပ်အတွက်လိုက်နာဆောင်ရွက်ရန် လမ်းညွှန်မှုများကို FAO မှရယူနိုင်ပါသည်။ FAO သည် အာရှ၊ လက်တင်အမေရိကား၊ အာဖရိကနိုင်ငံများနှင့် FAO-EUFLEGT အစီအစဉ်အရ ကြိုးပမ်း ဆောင်ရွက်သည့် နိုင်ငံ များ၏ အတွေ့အကြုံများကို အခြေခံလျက် သစ်တောကဏ္ဍ၌ ဥပဒေဆိုင်ရာ လိုက်နာဆောင်ရွက်မှု တိုးတက် အောင် ဆောင်ရွက်ခဲ့သည့် အလေ့အကျင့်ကောင်းများကို စုဆောင်းရရှိခဲ့ပါသည်။

**သစ်တောဦးစီးဌာန၏ ကနဦး သဘောထားမှတ်ချက်များ (ဒီဇင်ဘာလ ၂၀၁၈)**

သစ်တောဥပဒေအသစ်ကိုသဘောတူညီချက်ရရှိရန် လွှတ်တော်သို့တင်ပြထားပြီးဖြစ်ပါသည်။ မူကြမ်းတွင် အောက် ပါတို့ ပါဝင်ပါသည်။

- အထူးသဖြင့် တရားဝင်သစ်ခုတ်လှဲခြင်းနှင့် ကုန်သွယ်ခြင်းအတွက်ကျူးလွန်မှုများအတွက် ပြစ်ဒဏ်များကို တိုးမြှင့်ထားခြင်း
- တရားမဝင်သစ်ခုတ်လှဲခြင်းအတွက် လူထုအသိုက်အဝန်းကို အခြေခံသောသတင်းအချက် အလက်စနစ် ထူ ထောင်ခြင်း
- ဥပဒေလိုက်နာရေးပိုမိုတိုးတက်စေရန် သစ်တောဦးစီးဌာနရဲအဖွဲ့ထူထောင်ခြင်း

သစ်တောဦးစီးဌာနသည် အောက်ဖော်ပြပါ သစ်တောဥပဒေ လိုက်နာဆောင်ရွက်ခြင်း လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နေပါသည်။

၁။ အဓိကမြစ်ကြီးနှစ်စင်းတလျှောက်အထူးလုပ်ငန်းများဆောင်ရွက်ခြင်း
၂။ နေပြည်တော်၊ ပဲခူးနှင့် မကွေးတိုင်းဒေသကြီးများအကြား ဆက်စပ်နယ်နိမိတ်များ၌ အထူးလုပ်ငန်းများဆောင် ရွက်ခြင်း
၃။ အိမ်နီးချင်းနိုင်ငံများသို့ ခိုးထုတ်သည့်လမ်းကြောင်းများ၌ အထူးလုပ်ငန်းများဆောင်ရွက်ခြင်း
၄။ တပ်မတော်တပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သည့် အထူးလုပ်ငန်းများ
၅။ ပုံမှန်ဆောင်ရွက်သည့်လုပ်ငန်းများ

**သစ်တော ဦးစီးဌာနသည် နယ်စပ်များ၊ ရေလမ်းများ၊ ကြားခံနေရာများ စသည့် မဟာဗျူဟာ** မြောက်အလားအလာ မြင့်သောဧရိယာများတွင် (ရဲတပ်ဖွဲ့၊ တပ်မတော် နှင့် အခြားဆက်စပ်အဖွဲ့အစည်းများဖြင့် ပူးပေါင်းလျက်) သစ်တော ဥပဒေ လိုက်နာဆောင်ရွက်မှု လုပ်ငန်းများကိုဆောင်ရွက်နေပါသည်။ ၎င်းအပြင် တရားမဝင် လုပ်ငန်းများကို ထိန်းချုပ်ရေးအတွက် သတင်း အချက်အလက် ရယူရန် ပြည်သူ့အသိုက် အဝန်းကြီးကြပ်ကွပ်ကဲမှုနှင့် သတင်းပို့အစီရင်ခံမှုစနစ်ကို အစပျိုးဆောင်ရွက်နေပါ သည်။

ဤသို့ဆောင်ရွက်လာသည့်အကျိုးကြောင့် ၂၀၁၄-၁၅ ခုနှစ်နှင့် ၂၀၁၅-၁၆ ခုနှစ်များတွင် တရားမဝင်သစ်များကို ၅၁၇၂၅ Hoppus tons နှင့် ၄၆၁၅၃ Hoppus tonsကို အသီးသီးဖမ်းဆီးရမိခဲ့ပါသည်။ ၎င်းပြင် မြန်မာနိုင်ငံသည်သည် EU သို့ တရားမဝင်သစ်များနှင့် ၎င်းတို့ကို ကုန်သွယ်မှုများ ပပျောက်စေရန်၊ EU သို့ တရားဝင်သစ်များတင်ပို့ရန်၊ ကောင်းမွန်သော သစ်တောအုပ်ချုပ်မှု ရရှိရန်နှင့် သစ်တောများ ကိုရေရှည်တည်တံ့ အောင် စီမံခန့်ခွဲရန် EU-FLEGT VPA လုပ်ငန်း၌ ပါဝင်လျက်ရှိပါသည်။

**နောက်ထပ် IA မှတ်ချက်များ (မတ်လ ၂၀၂၀)**

ကျွန်ုပ်တို့အနေဖြင့် မြန်မာနိုင်ငံမှ လွန်ခဲ့သောနှစ်နှစ်ခန့်အတွင်း ပြုလုပ်ခဲ့သည့် အားထုတ်ကြိုးပမ်းမှုများနှင့် အထူး သဖြင့် သစ်တောဥပဒေ အသစ်အား ကျင့်သုံးမှုများအား အသိအမှတ်ပြုပါသည်။ သို့သော် သစ်တောကဏ္ဍဆိုင်ရာ

စည်းမျဉ်းမူဘောင်များ အားကောင်းလာစေရန်အတွက် ဆောင်ရွက်ချက်များစွာ ပိုမိုလုပ်ဆောင်ရန် လိုအပ်သေး သည်။ ထိုအရာများအနက် တရားမဝင် သစ်ထုတ်လုပ်မှု၊ သစ်ထုတ်လုပ်ခြင်း လုပ်ထုံးလုပ်နည်းများနှင့် CFနှင့် ပုဂ္ဂလိ က ဆိုင်ရာ အုပ်ချုပ်ရေးများလည်း ပါဝင်သည်။

သစ်တောကဏ္ဍတွင် ပါဝင်ပတ်သက်သည့် တာဝန်ရှိသူများနှင့် အဓိကအားဖြင့် မြန်မာ့သစ်လုပ်ငန်း၊ သစ်တောဦးစီး ဌာန (FD)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊(GAD)စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (MoALI) နှင့် ကုန်သွယ်ရေးဦးစီးဌာန တို့အကြား ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုစနစ်များအား တည်ထောင်ရန် တိုက်တွန်းအကြံပြုအပ်ပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် အချိန်အလိုက် တိကျသော အချက်အလက်များအား ဖော်ထုတ်နိုင် စေပြီး (ဥပမာ - ထုတ်လုပ်မှု၊ ရောင်းချမှု နှင့် တင်ပို့မှု စသည်) နှင့် ဥပဒေနှင့် နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်နိုင်စေရန်လည်း ကူညီပေးနိုင်သည်။

ထို့အပြင် ကျွန်ုပ်တို့အနေဖြင့် သစ်တောမူဝါဒ (၁၉၉၅)အား သစ်တောဥပဒေ (၂၀၁၈)နှင့် အညီ ပြန်လည်မွမ်းမံရန် တိုက်တွန်းအကြံပြုအပ်ပါသည်။[10] သစ်တောဥပဒေအား ဖွံ့ဖြိုးတိုးတက်မှုအသစ် သို့မဟုတ် ထိုသို့ ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းဆောင်တာအသစ်များ ဆောင်ရွက်ရာ၌ အခက်အခဲတစ်စုံတစ်ရာပေါ်ပေါက်လာပါက ထည့်သွင်းစဉ်းစားနိုင်စေရန်အတွက် အချိန်နှင့်တစ်ပြေးညီ ပုံမှန်ပြုပြင်မွမ်းမံသင့်သည်။ မြန်မာနိုင်ငံ၏ နောက်ခံအကြောင်းအရာများနှင့် ကိုက်ညီသော အရည်အသွေးပြည့်ဝသည့် စည်းမျဉ်းစည်းကမ်းများ အား ဖြည့်ဆည်းပေးနိုင်စေရန် ပြည်တွင်းနှင့် ပြည်ပဆိုင်ရာ ဆွေးနွေးမှုလုပ်ငန်းစဉ်များမှ တဆင့် ပြန်လည်ဖွဲ့စည်း ပြုပြင်ခြင်း လုပ်ငန်းစဉ်များအား ပြုလုပ်ဆောင်ရွက်ရန် တိုက်တွန်းအပ်ပါသည်။

**အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေ**

တစ်စိတ်တစ်ဒေသ အကောင်အထည်ဖော် ဆောင်ရွက်ပြီး ဖြစ်သည်။

[10] ကျေးဇူးပြု၍ အထက်တွင်ဖော်ပြထားသော အကြံပြုချက် ၆.၁.၁ (က) ကိုးကားပါ)

## (ဂ) မြန်မာ့သစ်လုပ်ငန်း ၏ အုပ်ချုပ်မှုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း

စီးပွားရေးလုပ်ငန်း တစ်ရပ်ဖြစ်ရန် MTE အနေဖြင့် ပြန်လည်ဖွဲ့စည်း ရန်လိုအပ် ကြောင်း နားလည်သဘောပေါက် ပါသည်။ ဤသို့အားဖြင့် အကျိုးတူခြင်းပဋိပက္ခ (Conflicts of interests )မှ ရှောင် ရှားခြင်း၊ အုပ်ချုပ်မှု တိုး တက် ကောင်းမွန်ခြင်း နှင့် သစ်တောကဏ္ဍ ပိုမိုကောင်းမွန်ပြီး ရေရှည်တည်တံ့သော စည်းမျဉ်းစည်းကမ်းများပေါ် ပေါက်လာပါမည်။

**အကြံပြုချက်**

ပြန်လည်ဖွဲ့စည်းမှုကိုအမြန်ဆုံးပြီးဆီးအောင် ဆောင်ရွက်ရန်ထောက်ခံအပ်ပါသည်။ MTEသည် အဓိကငွေကြေး ညွှန်းကိန်းများ၊ အခွန်ဝင်ငွေကောက်ယူခြင်း၊ Profit margins ၊ သစ်တောလုပ်ငန်းများမှ ငွေသားစီးဆင်းမှု၊ gross investment အပြင် အစိုးရသို့ကူးပြောင်းမှုများပါဝင်သည့် စာရင်းအင်းဆိုင်ရာ ပုံမှန်အစီရင်ခံစာများ ထုတ်ပြန် ရန် ထောက်ခံပါသည်။

**မြန်မာ့သစ်လုပ်ငန်း ၏ ကနဦးသဘောထားသတ်မှတ်ချက်များ (ဒီဇင်ဘာလ ၂၀၁၈)**

မြန်မာ့သစ်လုပ်ငန်း ၏ စာရင်းအင်းအစီရင်ခံစာများကို မြန်မာ့သစ်လုပ်ငန်း ဝက်ဘ်ဆိုဒ်ကွန်ရက်၌ ရရှိနိုင်ပါသည်။ (http://www.mte.com.mm/).

MTE ၏ စာရင်းအင်းအစီရင်ခံစာများကို မြန်မာ့သစ်လုပ်ငန်း ဝက်ဘ်ဆိုဒ်ကွန်ယက်၌ ရရှိနိုင်ပါသည်။ (http://myanmatimber.com.mm)

MTE သာမက အခြားသောSOEများ၏ အစိုးရမူဝါဒများနှင့် ပတ်သက်နေမည်ဖြစ်သော ငွေကြေးဆိုင်ရာ ညွှန်းကိန်း (financial indicators)များအပါအဝင်စာရင်းအင်းဆိုင်ရာ အစီရင်ခံစာများနှင့်ပတ်သက်၍ ထောက်ခံတင်ပြချက် များကို ကိုးကားပါသည်။

MTE ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်စီမံကိန်းကို စတင်အကောင်အထည်ဖော်နေပါသည်။

**မြန်မာ့သစ်လုပ်ငန်း၏ နောက်ထပ် သဘောထားမှတ်ချက်များ (၂၀၂၀ မတ်လ)**

မြန်မာ့သစ်လုပ်ငန်း အနေဖြင့် သက်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းများဆောင်ရွက် နေသည်။

၎င်း၏ စီမံအုပ်ချုပ်ရေးအား တိုးတက်ကောင်းမွန်စေရန်အတွက် မြန်မာ့သစ်လုပ်ငန်းအနေဖြင့် အောက်ပါလုပ်ဆောင်မှု များအား လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၉ ခုနှစ်တွင် ခုတ်လှဲခြင်းဆိုင်ရာ စံလုပ်ဆောင်မှု လုပ်ထုံးလုပ်နည်းများအား ပြင်ဆင်သတ်မှတ်ထားခြင်း

လုပ်ဆောင်လျက်ရှိသည့် သစ်တော စီမံခန့်ခွဲမှုနှင့် သစ်များအား တရားဝင်သတ်မှတ်မှုများဆိုင်ရာ EU-FLEGT-VPA လုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်ခြင်း

EITI လုပ်ငန်းနှင့် ပါဝင် ဆက်စပ်သောအုပ်စုများ(MSG) နှင့် အခြားသော NGOsများနှင့် ပူးပေါင်းဆောင်ရွက် ခြင်း

အသစ်ထုတ်လုပ်သော သစ်များ(တရားမဝင် သစ်များပါ အပါအဝင်) အား ခြေရာခံလိုက်နိုင်စေရန်အတွက် ၂၀၁၈/ ၁၉ ဘဏ္ဍာနှစ်အတွင်း QR Codeစနစ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

ပတ်ဝန်းကျင်ထိခိုက်မှုကိုသက်သာစေသောသစ်ထုတ်ခြင်းနည်းစနစ် (Reduce Impact Logging - RIL) နှင့် အညီ ဆောင်ရွက်ခြင်းဖြင့် သယံဇာတတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများမှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု လျော့နည်းစေခြင်း နှင့်

သစ်ရောင်းချမှုအားလုံးအတွက် အိတ်ဖွင့် တင်ဒါများ ခေါ်ယူအသုံးပြုခြင်း တို့ဖြစ်သည်။

**နောက်ထပ် IA မှတ်ချက်များ (၂၀၂၀ မတ်လ)**

မြန်မာ့သစ်လုပ်ငန်း၏ ကြိုးပမ်းအားထုတ်မှုများအား အသိအမှတ်ပြုပါသည်။ သို့သော်မြန်မာ့သစ်လုပ်ငန်း၏ စီမံအုပ် ချုပ်ရေးအား အဓိက စောင့်ကြည့်လေ့လာရန်အတွက် အထူးကော်မတီတစ်ရပ်ဖွဲ့စည်းရန် အကြံပြုအပ်ပါသည်။ ဥပမာ

မြန်မာ့သစ်လုပ်ငန်းအနေဖြင့် သစ်ရောင်းချမှုများအား သီးခြားဌာနတစ်ခုအား အလုပ်တာဝန် သတ်မှတ်ခွဲဝေ ပေးခြင်းစသည့် လုပ်ဆောင်ချက်များအား ထည့်သွင်းစဉ်းစားသင့်သည်။

ထို့အပြင် မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ၂၀၁၉ EITI စံသတ်မှတ်ချက် နှင့် SOEs နှင့် သက်ဆိုင်သည့် လိုအပ်ချက် အသစ်များအားလည်း ထည့်သွင်းစဉ်းစားသင့်သည်။ ဥပမာ- မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ၎င်းတို့၏ စာရင်းစစ်ထား သည့် ငွေကြေးအချက်အလက်များ သို့မဟုတ် အဓိက ငွေကြေးဆိုင်ရာ အရာများ (ဥပမာ - ငွေလက်ကျန်စာရင်း၊ ငွေစီး ဆင်းမှုများ)အား အများပြည်သူသိရှိနိုင်စေရန်အလို့ငှာ ထုတ်ပြန်ရန် မျှော်လင့်သည်။ (EITI လိုအပ်ချက် ၂.၆.ခ)

**အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေ**

တစ်စိတ်တစ်ဒေသ အကောင်အထည်ဖော် ဆောင်ရွက်ပြီး ဖြစ်သည်။

# ၂.၂.၃ EITIအကောင်အထည်ဖော်မှု

## (က) လိုင်စင်မှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍အစီရင်ခံသည့် အချက်အလက်(ဒေတာ)များပြည့်စုံမှု

EITI စံများသည် အကောင်အထည်ဖော်ဆောင်ရွက်သည့်နိုင်ငံများက အများပြည်သူလက်လှမ်းမီသည့် မှတ်ပုံ တင်စာရင်းများကို ထိန်းသိမ်းရန် သို့မဟုတ် EITI အစီရင်ခံစာ၌ ရွေးချယ်ဖော်ပြထားသည့် ကုမ္ပဏီများနှင့်ပတ်သက် သည့် လိုင်စင်တစ်ခုချင်းနှင့်ပတ်သက်သော ပြီးပြည့်စုံသည့် သတင်းအချက် အလက်များအပါအဝင် တရားဝင် မှတ်ပုံတင်စနစ် (cadastral စနစ်များ) ကိုထိန်းသိမ်းရန်လိုအပ်ပါသည် ။( EITI လိုအပ်ချက် ၂.၃. ခ)

မှတ်ပုံတင်စာရင်းအင်းတွင်အောက်ပါအချက်များပါဝင်ရပါသည်။

(၁)လိုင်စင်ကိုင်ဆောင်သူများ

(၂)လိုင်စင်ရဧရိယာ၏မြေပုံအညွှန်း( Coordinators)

(၃)လျှောက်ထားသည့်နေ့စွဲ၊ ပေးအပ်သည့်နေ့စွဲနှင့် လိုင်စင်၏ အချိန်အတိုင်းအတာ

(၄)ထုတ်လုပ်မှုလိုင်စင်များတွင် ထုတ်လုပ်သည့်ထုတ်ကုန်အမျိုးအစား

မှတ်ပုံတင် စာရင်းများတွင် လျှောက်ထားသည့်ရက်စွဲ၊ ပေးအပ်သည့်ရက်စွဲ၊ လိုင်စင် ခွင့်ပြုသည့် အချိန်အတိုင်းအတာ၊လိုင်စင်ပေးသော ဧရိယာ၏ မြေပုံအညွှန်းများ မပါရှိကြောင်း သတိပြုမိသည်။

## အကြံပြုချက်

မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာန တို့သည် မှတ်ပုံတင်စာရင်းရှိ ကိန်းဂဏန်းများကို စနစ်တကျအချိန်နှင့်အညီ ဆောင်ရွက်ရန် နှင့် ပြည်သူများလက်လှမ်းမီရန် အဆိုပါမှတ်ပုံတင်စာရင်းကို အင်တာနက် ပေါ်တွင် တင်ပြရန် ကျွန်ုပ်တို့ ထောက်ခံအပ်ပါ သည်။

### မြန်မာ့သစ်လုပ်ငန်း ၏ ကနဦး သဘောထားမှတ်ချက်များ (၂၀၁၈ ဒီဇင်ဘာလ)

MTE ၌ သစ်ထုတ်လုပ်ရန်နှင့် သစ်သယ်ယူပို့ဆောင်ရန် ကန်ထရိုက်စာချုပ်များရှိပါသည်။ ၎င်းကိန်းဂဏန်း များကို MTE ၏ ဝက်လ်ဆိုဒ်တွင်ရယူနိုင်ပြီး ၊ ၎င်းတို့တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ထိန်းသိမ်းထားသော သစ် တောများ ၊ သီးသန့်အပိုင်းအကန့်များ (compartments) ၊ လျှောက်ထားသည့် နေ့စွဲ၊ ပေးအပ်သည့်နေ့စွဲနှင့် ကုန်ဆုံး မည့်ရက် တို့ ပါဝင်ပါသည်။ MTE သည် ကန်ထရိုက် စာချုပ်နမူနာကိုပါ တင်ပြထားပါသည်။ MTE၌ မြေပုံညွှန်း (coordinators)နှင့် ဆိုင်သော သတင်းအချက်အလက်များမရှိပါ။

## မြန်မာ့သစ်လုပ်ငန်း၏ နောက်ထပ် သဘောထားမှတ်ချက်များ (၂၀၂၀ မတ်လ)

၂၀၁၆-၂၀၁၇ မှစတင်၍ သစ်ခုတ်ယူခြင်းအတွက် ဆပ်-ကန်ထရိုက်တာများ ငှားရမ်းခြင်းအား ရပ်ဆိုင်းလိုက်ပြီ ဖြစ်ကြောင်းကို မြန်မာ့သစ်လုပ်ငန်း မှနေ၍ ထုတ်ပြန်ကြေငြာထားသည်။ ဝန်ဆောင်မှု ပေးဆောင်သူများအား အသုံးပြု ချိန်တွင် မြန်မာ့သစ်လုပ်ငန်း မှနေ၍ အောက်ပါ အချက်အလက်များအား ကောက်ယူသည်။

လိုင်စင်ကိုင်ဆောင်ထားသူ။ ငှားရမ်းသုံးစွဲသူများ

ဧရိယာမြေပုံအညွှန်း

လုပ်ငန်းဆောင်ရွက်မှုအတွက် ခွင့်ပြုထားသည့် အချိန်

ခွင့်ပြုချက်ရရှိထားသည့် လုပ်ငန်းအမျိုးအစား

အထက်ဖော်ပြပါ အချက်အလက်များအား ၎င်း၏ ဝက်ဘ်ဆိုဒ်အသစ်ဖြစ်သည့် http://www.mte.com.mm/ တွင်

ဖော်ပြထားသည်။

**အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေ**

ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မရှိပါ။

## (ခ) ကန်ထရိုက်စာချုပ်ပေးအပ်ခြင်း

သစ်လုပ်ငန်းနှင့်ပတ်သက်၍ လိုင်စင်ပေးခြင်းလုပ်ငန်းစဉ်၌ လိုင်စင်လျှောက်ထားမှုကို အကဲဖြတ်ရန် နည်းပညာဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ စံသတ်မှတ်ချက်များကို ရှင်းလင်းဖော်ပြထားခြင်းမရှိကြောင်း MTE မှရရှိသော သတင်းအချက်အလက်များ အရသိရှိရပါသည်။
သစ်ထုတ်လုပ်ရန်ဆပ်ကန်ထရိုက်တာများ (လက်ခွဲကန်ထရိုက်တာများ)ရွေးချယ်ရန် အတွင်းစည်း ညွှန်ကြားချက် များကို MTE ကလိုက်နာသော်လည်း ၊ အဆိုပါညွှန်ကြားချက်မှာ နှစ်ပေါင်း(၆၀)ခန့် အချိန်နှင့်အမျှပြည့်စုံ အောင် ဆောင်ရွက်ထားခြင်း (update) မရှိကြောင်း ကျွနုပ်တို့သတိပြုမိပါသည်။
ခွင့်ပြုချက်ပါမစ်များကို ဆပ်ကန်ထရိုက်တာများအား ပေးအပ်ရာတွင် ထုတ်လုပ်သည့် စွမ်းဆောင်ရည်နှ င့်အတွေ့ အကြုံအပေါ်၌သာ အဓိကအခြေခံထားပြီး ရှင်းလင်းသောနည်းပညာနှင့် ငွေကြေးပိုင်းဆိုင်ရာစံများမပါရှိ ပါ။
MTE သည် သစ်ထုတ်လုပ်ရေးအတွက်ဆပ်ကန်ထရိုက်တာများ(လက်စွဲကန်ထရိုက်တာများ) ကို ဆက်လက် အသုံးပြုခြင်းမရှိသော်လည်း၊ ကိရိယာပစ္စည်းများ၊ ဆင်နှင့်သယ်ယူ ပို့ဆောင်ရေးအတွက် ပြင်ပပံ့ပိုးသူများကို အသုံးပြုနေပါသည်။

## အကြံပြုချက်

ကန်ထရိုက်စာချုပ်များကိုပွင့်လင်းပြီးယှဉ်ပြိုင်မှုစနစ်ဖြင့်ပေးအပ်ရန်အဆိုပြု ထောက်ခံ တင်ပြပါသည်။ လေလံ ယှဉ်ပြိုင်သူ(လေလံဆွဲသူ)တို့ကို အကဲဖြတ်စိစစ်ရာတွင် နည်းပညာနှင့် ငွေကြေးပိုင်း ဆိုင်ရာစံများ အပေါ် အခြေခံ သင့်ပါသည်။ MTE သည် ယှဉ်ပြိုင်သူအားလုံး (အကြိုးဝင်သူအားလုံး)၏ မှတ်တမ်းများကို အများ သိရှိရန် ဖွင့်ပြပြီး၊ အကျိုးအမြတ်ခံစားရမည့်ပိုင်ရှင် (beneficial owners) များ၏ လိုင်စင်များကို စစ်ဆေးမှတ်တမ်း တင်ရပါမည်။
အများပြည်သူသိရှိအောင် ဆောင်ရွက်မှုကို တားမြစ်သည့်ဥပဒေမရှိသဖြင့် ကန်ထရိုက်စာချုပ်များ အများပြည်သူသိအောင်ဖွင့်ပြရန်ထောက်ခံအပ်ပါသည်။

## မြန်မာ့သစ်လုပ်ငန်း ၏ ကနဦးသဘောထား သတ်မှတ်ချက်များ (၂၀၁၈ ဒီဇင်ဘာလ)

MTEအနေဖြင့်သစ်ထုတ်လုပ်မှုစွမ်းဆောင်ရည်မပြည့်ဝသည့်အတွက် လိုအပ်သောအရင်းအမြစ်များကို ပြင်ပမှ ငှားရမ်းရပါသည်။
လက်ခွဲကန်ထရိုက်တာများ(sub-contractors)ငှားရမ်းရာတွင်၊ MTEအနေဖြင့်ကန်ထရိုက်တာများ၏ကျောထောက်နောက်ခံ၊ အခြားကန့်သတ်ချက်များနှင့်အညီ ဌာနဆိုင်ရာညွှန်ကြားချက်၊ဥပဒေ၊ စည်းမျဥ်းစည်း ကမ်းများ အရ ဆောင်ရွက်လျက်ရှိပါသည်။ နည်းပညာစံနှုန်းများ၊ ယှဉ်ပြိုင် သူတို့၏လိုအပ်ချက်၊ အသုံး အဆောင် ကိရိယာ များ (facilities)၊ အတွေ့အကြုံများ၊လုပ်ငန်းခွင်စွမ်းရည် (work efficiency) များကိုပါ ထည့်သွင်း စဉ်းစားပါသည်။
သစ်လုပ်ငန်းအတွက် ဆပ်ကန်ထရိုက်တာများ ရွေးချယ်မှုနှင့် အခြားသောလုပ်ငန်းများ အတွက် ဆပ်ကန်ထရိုက်တာရွေးချယ်မှုဆင်တူမှုမရှိပါ။ တစ်နှစ်နှင့်တစ်နှစ်မတူညီသော မြေ၏အခြေအနေ (land topography)ကို အခြေခံရသည့်လုပ်ငန်းတစ်ရပ်ဖြစ်၍ ပါမစ်ထုတ်ပေးရာတွင် (၁) အတွေ့အကြုံရှိသူ (၂) နာမည် ပျက်စာရင်း၌ မပါဝင်သူ (၃) သစ်တောဥပဒေများကို ဖောက်ဖျက်ခြင်းမရှိသူ (၄) သစ်ဆိုင်ရာရေိယာ၌ လုပ်ငန်းများကို အဆင့် လိုက်ပိုင်းခြားဆောင်ရွက်သူများကိုသာ စိစစ်ရွေးချယ်ပါသည်။ နောက်ဆက်တွဲအားဖြင့် ဆပ်ကန်ထရိုက်တာ များကိုငွေလုံး ငွေရင်းပမာဏ၊ ဆင်အရေအတွက်နှင့် အကြီးစား စက်ယန္တရားကြီး များအရေအတွက် ပေါ်၌သာ အခြေခံ၍ ရွေးချယ်ခြင်းမပြုပါ။ အကယ်၍ လုပ်ငန်းခွင့်ပြုချက်ပါမစ်များမထုတ်ပေးခဲ့လျှင် ငွေကြေးနှင့် ထုတ်လုပ်ပြီး သစ်များ ဆုံးရှုံး နိုင်သလို သို့မဟုတ် သစ်များအချိန်မီထုတ်ယူနိုင်မည်မဟုတ်ပါ။ဥပမာ-တင်ဝင်းထွန်းကုမ္ပဏီသည်သစ် ထုတ်လုပ်မှု အတွေ့အကြုံနှစ်(၄၀)ရှိပါသည်။ နှစ်ပေါင်းများစွာ ဆင်ပိုင်ရှင်၊ ကျွဲပိုင်ရှင်များနှင့် ဆပ် ကန်ထရိုက်တာ များရှိခဲ့ပါသည်။

၎င်းပုဂ္ဂိုလ်တို့၏အမည်များကို သစ်ထုတ်လုပ်ရေးဌာန ဝန်ထမ်းများအတွက် သစ်ထုတ်လုပ်ရေး လက်စွဲ စာအုပ်၌ပင် ဖော်ပြပေးထားပါသည်။

ဆပ်ကန်ထရိုက်တာများကို အကဲဖြတ်စိစစ်ခြင်းနှင့် ကန်ထရိုက်စာချုပ်များခွင့်ပြုခြင်းကို သစ်တောဦးစီးဌာနက ထုတ်ပြန်ထားသည့်တရားဝင်ဆင်ခွင့်ပြုချက်နှင့် စံသတ်မှတ်ချက် နှင့်ကိုက်ညီသည့် အကြီးစား စက်ယန္တရား များ၏ အခြေအနေကို ထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၎င်းအပြင် ဌာန၏ညွှန်ကြားချက်အမှတ်(၃၉)တွင် သေချာရှင်းလင်းစွာဖော်ပြထားသည်မှာ ထုတ်လုပ်ရေး ဌာနနှင့် ပူးတွဲဆောင်ရွက်နိုင်သည့် သစ်ထုတ်လုပ်ရေးအတွက် ဆပ်ကန်ထရိုက်တာအမျိုးအစား(၂)မျိုးရှိပါသည်။ ၎င်းအမျိုးအစား(၂)မျိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပထမတန်းစား- ဌာနနှင့်ပူးတွဲဆောင်ရွက်မှု(၇)နှစ်ရှိပြီးသူများ

ဒုတိယတန်းစား-ဌာနနှင့်ပူးတွဲဆောင်ရွက်မှု(၇)နှစ်မရှိသေးသူများ

ထိုအမျိုးအစား(၂)မျိုးကို ခွဲခြားခြင်းဖြင့်၊ ရွေးချယ်မှုသည် အတွေ့အကြုံသက်တမ်းတစ်ခုတည်းကို သာ အခြေခံ မည်မဟုတ်ကြောင်း မယူဆသင့်ပါ။ အခြားသော အချက်များဖြစ်သည့် အရည်အချင်းပြည့်ဝမှု၊ သမာသမတ်ရှိမှု၊ နှစ်စဉ်လုပ်ငန်း၌ ကျေနပ်အားရမှုရှိခြင်းနှင့် ကြွေးမြီများပေးဆပ်မှုများကိုပါ ထည့်သွင်းစဉ်းစားရပါသည်။

**အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေ**

ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မရှိပါ။

## (ဂ) အလုပ်ခန့်ထားမှုအချက်အလက်(ဒေတာ)များအတွက် အစီရင်ခံမှုစနစ်မရှိခြင်း

EITIစံများတွင် အကောင်အထည်ဖော်သည့် နိုင်ငံများသည် သစ်တောကဏ္ဍရှိ အလုပ်ခန့်ထားမှုဆိုင်ရာ သတင်း အချက်အလက်များကိုစုစုပေါင်းအလုပ်ခန့်ထားမှု၏ရာခိုင်နှုန်းအားဖြင့် လုံးဝဥသုံ အများသိရန် ဖွင့်ပြရန်ဖော်ပြ ထားသည် ( EITIလိုအပ်ချက် ၆.၃(င))။

သစ်တောဦးစီးဌာန သော်လည်းကောင်း ၊ MTE သော်လည်းကောင်း သစ်တောကဏ္ဍ၌ အလုပ်ခန့်ထားမှုကြောင့် တိုက်ရိုက် သက်ရောက်မှုနှင့် ပတ်သက်သည့်ကိန်းဂဏန်းများ ပံ့ပိုးပေးသည့်စနစ်မရှိကြောင်းသတိပြုမိပါသည်။ ထိုသို့လျှင်ဤအစီရင်ခံစာ၌ စုဆောင်း ဖော်ပြထားသည့် အလုပ်ခန့်ထားမှု ကိန်းဂဏန်းများသည် တစ်စိတ်တစ်ပိုင်း သာလျှင် ဖြစ်ပြီး နိုင်ငံ၏စုစုပေါင်းလုပ်ငန်းအင်အား (စုစုပေါင်း workforce)ကို အထောက် အကူပြုသော သစ်တော ကဏ္ဍ အခြေအနေကို ထင်ဟပ်ခြင်းမရှိနိုင်ပါ။

## အကြံပြုချက်

ဆက်စပ်စဉ်းစားနိုင်သည့် သတင်းအချက်အလက်များကို ချဉ်းကပ်ရယူမှုနှင့် တိကျမှုများကို တိုးတက် ကောင်းမွန် စေရန်အလို့ငှာ၊ သစ်တောဦးစီးဌာနနှင့် MTEတို့သည် (အနည်းဆုံးနှစ်စဉ်) သစ်တောကဏ္ဍ၏အလုပ်ခန့်ထားမှု ကိန်းဂဏန်းများနှင့်အတူဋ္ဌင်းတို့၏စနစ်အား အချိန်နှင့် အမျှတိုးတက်အောင် (Update) ပုံမှန် အချိန်ပိုင်း အရ ဆောင်ရွက်သင့် သည်။

### မြန်မာ့သစ်လုပ်ငန်း ၏ ကနဦးသဘောထား သတ်မှတ်ချက်များ (၂၀၁၈ ဒီဇင်ဘာလ)

သစ်တောဦးစီးဌာန နှင့် MTEတို့တွင် အလုပ်ခန့်ထားမှုကိန်းဂဏန်းများအတွက် အစီရင်ခံမှုစနစ်ကို ထူထောင် သွားမည် ဖြစ်ပါသည်။

လက်ရှိ အစီရင်ခံစာတွင် ကုမ္ပဏီများက အလုပ်ခန့်ထားမှု ကိန်းဂဏန်းများကို တင်ပြထားပါသည်။ ၎င်းတို့မှာရာခိုင် နှုန်း (၈၀%)ခန့် ကိုယ်စားပြုပါသည်။

### သစ်တောဦးစီးဌာန ၏ နောက်ထပ်သဘောထားမှတ်ချက်များ (၂၀၂၀ မတ်လ)

MEITI-NCS ရုံးမှရရှိသည့် သတင်းအချက်အလက်များအရ သစ်တောဦးစီးဌာနမှနေ၍ သစ်တောထိန်းသိမ်းခြင်း လုပ်ငန်းစဉ်များအတွက် လုပ်သားခန့်အပ်မှုဆိုင်ရာ အချက်အလက်များ ပေးပို့ထားသော်လည်း သစ်တောထုတ်လုပ်မှု လုပ်ငန်းများဆိုင်ရာ အချက်အလက်များမှာ လိုအပ်နေသေးသည်။ မြန်မာ့သစ်လုပ်ငန်း မှနေ၍ ထုတ်လုပ်မှုအတွက် လုပ်သားခန့်အပ်မှုဆိုင်ရာ အချက်အလက်များ ပေးပို့မည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရမှနေ၍ သစ်တောဦးစီးဌာန NTFP၏ ဘဏ္ဍာငွေအား ကြီးကြပ်ကွပ်ကဲခြင်းနှင့် အခွန်ကောက်ခံခြင်းတို့အား ၂၀၁၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နေသည်။ အခြားတစ်ဖက်တွင်မူ သယံဇာတများ ထုတ်လုပ်မှုအတွက် တင်ဒါစနစ်မရှိဘဲ ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ သီးခြားလုပ်ဆောင်နေကြပြီး သစ်တောလုံခြုံရေးရုံးထံ အခွန်များ ပေးသွင်းနေကြသည်။ ထို့ကြောင့် သစ်တောဦးစီးဌာနမှ လုပ်သားခန့်အပ်မှုဆိုင်ရာ အချက်အလက်များ ရရှိရန်မှာ ခက်ခဲသည်။

### မြန်မာ့သစ်လုပ်ငန်း ၏ နောက်ထပ် သဘောထားမှတ်ချက်များ (၂၀၂၀ မတ်လ)

မြန်မာ့သစ်လုပ်ငန်းမှနေ၍ လုပ်သားခန့်အပ်မှုဆိုင်ရာ အချက်အလက်များနှင့် အမြဲတမ်းဝန်ထမ်းများ၏ နေ့စဉ်အလုပ် ဆင်းမှုမှတ်တမ်းများအား ပေးပို့ပြီးဖြစ်သည်။ မရရှိနိုင်သည့် သတင်းအချက်အလက်မှာ ရာသီအလိုက်ဝန်ထမ်းများ ဆိုင်ရာ အချက်အလက်များပင် ဖြစ်သည်။

**အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေ**

တစ်စိတ်တစ်ဒေသ အကောင်အထည်ဖော် ဆောင်ရွက်ပြီး ဖြစ်သည်။

## (ဃ) စီမံကိန်းအဆင့်တွင် အစီရင်ခံမှု မရှိခြင်း  (Lack of reporting at project level)

EITI လိုအပ်ချက် (၄.၇) နှင့်အညီ လုပ်ငန်းစီမံကိန်း အဆင့်အစီရင်ခံမှုမှာ အချို့သော အခြေအနေ၌လိုအပ်ပါသည်။ MEITI အစီရင်ခံစာသည် စုစည်းမှု (level of disaggregation) ရှိသည့် အခြေအနေမပါရှိပါ။ အဘယ်ကြောင့်ဆို သော် အစိုးရအဖွဲ့အစည်းများ၊ MTE နှင့် ကုမ္ပဏီများသည် လုပ်ငန်း စီမံကိန်း များအကြား ဝင်ငွေခွန်လမ်းကြောင်း များ (revenue streams) ကို သတ်မှတ် ထားခြင်းမရှိ သောကြောင့် ဖြစ်ပါသည်။

## အကြံပြုချက်

